BEYOND CEASEFIRES INITIATIVE

# အပစ်အခတ်ရပ်စဲရေး အလွှန် လုပ်ငန်းစဥ်များ ကမကထပြုရေးအဖွဲ့

## အပစ်အခတ်ရပ်စဲရေးနှင့် အပစ်အခတ်ရပ်စဲရေးအလွှန်- နိုင်ငံတကာမှ ငြိမ်းချမ်းရေးဖြစ်စဥ်များကို နှိုင်းယှဥ်လေ့လာခြင်း

## နိဒါန်း

အပစ်အခတ်ရပ်စဲရေးအလွှန် လုပ်ငန်းစဥ်များ ကမကထပြုရေးအဖွဲ့၏ ပထမဆုံး ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးပွဲ ဆင်ပိုဇီယမ်တရပ်ကို "အပစ်အခတ်ရပ်စဲရေးနှင့် အပစ်အခတ်ရပ်စဲရေးအလွှန်- နိုင်ငံတကာမှ ငြိမ်းချမ်းရေးဖြစ်စဥ်များကို နှိုင်းယှဥ်လေ့လာခြင်း" ခေါင်းစဥ်ဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနတွင် ၈ ဇွန် ၂၀၁၄ က ကျင်းပခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေးအလွှန် လုပ်ငန်းစဥ်များ ကမကထပြုရေးအဖွဲ့ဆိုသည်မှာ မြန်မာအစိုးရနှင့် လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့များအကြား ပထမဆုံး ပူးတွဲဆောင်ရွက်သည့် စီမံချက် လုပ်ငန်းစဥ် ဖြစ်ပြီး

နိုင်ငံတကာမှ ငြိမ်းချမ်းရေးဖြစ်စဥ်များမှ အတွေ့အကြုံများ၊ သင်ခန်းစာ များကို လေ့လာသင်ယူခြင်းဖြင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဥ်ကို ခိုင်မာလာအောင် ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဤအစီ အစဥ်မှ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၊ အတွေ့အကြုံများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဥ်၏ လိုအပ် ချက် အခြေအနေအပေါ် မူတည်၍ ကူညီဆောင်ရွက်သွားရန် ဖြစ်ပါ သည်။ ဤကမကထပြုရေးအဖွဲ့နှင့် စပ်လျဉ်းသည့် အသေးစိတ်ကို ဤအစီရင်ခံစာ အဆုံးတွင် ဖော်ပြထားပါသည်။

ဤကမကထပြုရေးအဖွဲ့၏ ပထမဆုံး ဆွေးနွေးပွဲတွင် အပစ်အခတ် ရပ်စဲရေး စောင့်ကြည့်ရေး၊ အပစ် အခတ်ရပ်စဲရေးဆိုင်ရာ ဘောဂဗေဒ၊ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများမှသည် နိုင်ငံရေး ဆွေးနွေးပွဲဆီသို့ ခေါင်းစဥ်များဖြင့် ဆွေးနွေးရန် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင် လေးဦးကို ဖိတ်ကြားပြီး စတင်ခဲ့ပါသည်။ ယင်းတို့မှာ မစ္စတာ ယန်းအားနော့၊ မစ္စဆာရာကာလိဖ်၊ ဗိုလ်ချုပ်(ငြိမ်း) ရှီဗာရမ် ပရာဒဟန် နှင့် မစ္စတာ အီယန်မာတင် တို့ဖြစ်ကြပါသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူ့အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနမှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြပါသည်။ ဆွေးနွေးပွဲတွင် သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးက အစီအစဥ် ကြီးကြပ်ဦးဆောင်သူ အဖြစ် ဆောင်ရွက်ပါသည်။

ဆွေးနွေးပွဲတွင် အာဖဂန်နစ္စတန်၊ ဘာရွန်ဒီ၊ ကိုလံဘီယာ၊ အယ်လ်ဆာဗေဒို ၊ ဂွာတီမာလာ၊ အင်ဒိုနီးရှား၊ နီပေါ နှင့် ဖိလစ်ပိုင်နိုင်ငံ အပါအဝင် အခြား ကမ္ဘာ့နိုင်ငံများမှ ဥပမာသာဓကများကို ဆွေးနွေး ဖလှယ်ပြီး ရှင်းလင်းပြောကြားကြပါသည်။ ဗိုလ်ချုပ်(ငြိမ်း) ရှီဗာရမ် ပရာဒဟန် နှင့် အီယန်မာတင်တို့က ယင်းတို့၏ အတွေ့အကြုံများကို အခြေခံ၍ နီပေါနိုင်ငံ၏ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးဆိုင်ရာ စနစ်များနှင့်စပ်လျဉ်း၍ အထူးဆွေးနွေးဖလှယ်ကြပါသည်။ ဆင်ပိုဇီယမ် ဆွေးနွေးပွဲတွင် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ NCCT အဖွဲ့ဝင် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်ဆွေးနွေးကြသလို မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနမှ ပုဂ္ဂိုလ်များလည်း ပါဝင်ဆွေးနွေးကြပါသည်။ ပညာရှင်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ ခေါင်းဆောင်များနှင့် ဇွန်လ ၇ ရက်မှ ၁၀ ရက်အတွင်း သီးသန့်တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ယခု စာတမ်းမှာမူ ကျင်းပခဲ့သည့် ဆွေးနွေးပွဲ ဆင်ပိုဇီယမ်ကို အကျဉ်းချုပ် ပြန်လည်ဖော်ပြထားခြင်း ဖြစ်ပါသည်။

နှစ်ခြောက်ဆယ်ကြာ လက်နက်ကိုင်ပဋိပက္ခများ ကြုံတွေ့ရပြီးနောက် ယခုအခါ လက်နက်ကိုင်အဖွဲ့ ၂၁ ဖွဲ့သည် မြန်မာနိုင်ငံအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများပြုလုပ်လျက်ရှိ ပါသည်။ ယင်းအဖွဲ့များအနက် ထက်ဝက်ခန့်မှာ အပစ်အခတ်ရပ်စဲရေး အတွေ့အကြုံရှိသည်ဟု ဆိုရမည့်တိုင် မည်သည့်အဖွဲ့မျှ အပစ်အခတ် ရပ်စဲရေးကို စောင့်ကြည့်ခြင်း (monitoring) နှင့် ပတ်သက်၍ အတွေ့ အကြုံ မရှိချေ။ ဒေါက်တာသန့်မြင့်ဦးက "အပစ်အခတ်ရပ်စဲရေးဆိုတာ မြန်မာပြည်မှာ အဆန်းမဟုတ်ပါဘူး။ အပစ်ရပ်ထားနိုင်တဲ့ အခြေအနေ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ပါတယ်။ အဓိက စိန်ခေါ်မှုကတော့ ဒီ အပစ်အခတ်ရပ်စဲရေးကနေ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရအောင်





KNU အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း ဆင်ပိုဇီယမ်တွင် ဆွေးနွေးပြောကြားနေစဥ

ဓာတ်ပုံ - နေအောင်စိုး(MPC)

ဘယ်လို ဆောင်ရွက်ကြမလဲ ဆိုတာပါပဲ" ဟု မှတ်ချက်ပြုပြောကြားရင်း ဆွေးနွေးပွဲကို စတင်ပါသည်။ KNU အထွေထွေ အတွင်းရေးမှူး၊ NCCT ဒုတိယခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းကလည်း အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ခဲ့သည့် သုံးနှစ်တာကာလ နောက်ပိုင်းတွင် "နှစ်ဘက်တပ်များကို စောင့်ကြည့်ရေးစနစ်များနဲ့ နှစ်ဘက်တပ်များ လိုက်နာရမဲ့ စစ်ဘက် ကျင့်ဝတ်များ တစုံတရာပေါ်ထွက် ရေးဆွဲခြင်း မရှိ" ဟု မှတ်ချက် ပြုပါသည်။

ဆွေးနွေးပွဲ ဆင်ပိုဇီယမ်အဖွင့်တွင် မြန်မာအစိုးရ၏ စေ့စပ်ညှိနှိုင်း ရေးအဖွဲ့ ဦးဆောင်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက သူ့အနေနှင့် "အခြားဖြစ်စဥ်များမှ သင်ခန်းစာများကို လေ့လာသင်ယူနိုင်လျှင်၊ အမှားများကို ရှောင်ရှားနိုင်လျှင်၊ နည်းလမ်းသစ်များ၊ အဖြေသစ်များကို စဥ်းစားဖော်ထုတ်နိုင်လျှင် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဥ် အောင်မြင်ရန် အလားအလာများ များစွာ တိုးတက်လာမည်"ဟု ယုံကြည် ယူဆပါကြောင်း ပြောကြားခဲ့ပါသည်။ "ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဥ်၊ ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းဟာ သူများနဲ့မတူ၊ ထူးခြားတဲ့ ဝိသေသ လက္ခဏာရပ်တွေ ရှိနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခြား နိုင်ငံတွေမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေမှာ ကြုံတွေ့ခဲ့ကြရတဲ့ စိန်ခေါ်မှုတွေကို ကျွန်တော်တို့ဆီမှာလည်း အလားတူ ရင်ဆိုင်ကြုံတွေ့နေရတာတွေ ရှိပါတယ်"ဟု ပြည်ထောင်စု ဝန်ကြီးက ဆိုပါသည်။

ပဒိုစောကွယ်ထူးဝင်းက "နိုင်ငံတနိုင်ငံမှာ ရောဂါဆိုးကြီးသဖွယ် ကာလရှည်ကြာ အမြစ်တွယ်ကပ်ညိနေတဲ့ စည်းလုံးညီညွတ်မှုပျက်ပြား ခြင်း၊ အချင်းချင်း သဘောကွဲလွဲ အမြင်မကြည်ခြင်းနဲ့ အလွဲသုံးတဲ့ အလေ့အထဆိုးတွေကို ပျောက်ကင်းအောင်ကုသနိုင်ဖို့ အကောင်းဆုံး ဆေးကတော့ ငြိမ်းချမ်းရေးပါပဲ၊ ဒါကြောင့် လူတိုင်းလူတိုင်း ငြိမ်းချမ်းရေး ဖြစ်စဥ်ကို ကူညီဖို့လိုသလို ကိုယ်တိုင် ပါဝင်လုပ် ဆောင်ဖို့လဲလိုပါတယ်။ နိုင်ငံတကာရဲ့ အကူအညီအထောက်အပံ့လဲ လိုအပ်တာပါပဲ"ဟု

"ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဥ်ဟာ အလွန် အရေးကြီးတဲ့ လမ်းဆုံလမ်းခွကို ရောက်ရှိနေပါပြီ။ အခြား နိုင်ငံတကာ ငြိမ်းချမ်းရေး လုပ်ငန်းစဥ်တွေမှာ လက်တွေ့ဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေကို ဖိတ်ခေါ် လေ့လာတာဟာ မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဥ်အတွက် များစွာ အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ အခြားနိုင်ငံတွေက အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို လေ့လာနိုင်ရင် ငြိမ်းချမ်းရေးရဖို့ အခွင့်အလမ်း ပိုမိုများလာနိုင်မှာပါပဲ။ ငြိမ်းချမ်းရေးရှိမှသာ ဒီမိုကရေစီကို တည်ဆောက်နိုင်မှာ၊ နောင်လာနောက်သားများအတွက် စည်ပင်ဝပြောတဲ့ အနာဂတ်ကို ဖန်တီးနိုင်မှာဖြစ်လို့ ငြိမ်းချမ်းရေးဟာ အုတ်မြစ်သဖွယ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘယ်နည်းနဲ့မှ ဒီ ငြိမ်းချမ်းရေးဖြစ်စဥ်ကြီး ရပ်တံ့မသွားစေဘဲ အောင်မြင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။"

ပြည်ထောင်စုဝန်ကြီး
ဦးအောင်မင်း



ဓာတ်ပုံ နေအောင်စိုး(MPC)

ပြောကြားပါသည်။ အပစ်အခတ်ရပ်စဲရေးအလွန် လုပ်ငန်းစဉ်များ ကမကထပြုရေးအဖွဲ့၏ ဒါရိုက်တာဖြစ်သူ ဆိုဖီယာဘတ်စ်ချ်က ယခု ကမကထပြုအစီအစဉ်သည် ငြိမ်းချမ်းရေးတွင် ပါဝင်နေကြသည့် ပုဂ္ဂိုလ်များအတွက် စားပွဲဝိုင်းညှိနှိုင်းဆွေးနွေးပွဲမျိုး ပြင်ပဖြစ်သည့် တွေ့ဆုံလေ့လာနိုင်ရာ နေရာတခုအဖြစ် ပေါ်ပေါက်လာနိုင်စေရန် ကူညီနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံကိစ္စရပ်များသာမက အခြား နိုင်ငံတကာမှ (မြန်မာနိုင်ငံနှင့်) ဆင်တူသည့် ကိစ္စရပ်များကို မည်သို့ ဖြေရှင်းခဲ့ကြသည်ကို လေ့လာနိုင်မည့် ဆွေးနွေးပွဲ နေရာတနေရာ အဖြစ်ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောပါသည်။

ယခု လာရောက်ကြသည့် ပညာရှင်အဖွဲ့အနေနှင့် သီးသန့် ဆွေးနွေးမှု များလည်း ပြုလုပ်ခဲ့ပါသည်။ ယင်းသို့ သီးသန့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (Myanmar Peace Centre) မှ အကြီးတန်းအရာထမ်းများနှင့်လည်း ကောင်း၊ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်များ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ရန်ကုန်မြို့ရှိ ဦးသန့်နေအိမ်ပြတိုက်တွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနှင့်လည်း ကောင်း၊ မီဒီယာမှ ပုဂ္ဂိုလ်များနှင့် လည်းကောင်းတွေ့ဆုံဆွေးနွေးခဲ့ ပါသည်။ နေပြည်တော်တွင်လည်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်း ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးကိုးဦး၊ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြပါသည်။ ဧည့်သည် ပညာရှင်များသည် နေပြည်တော်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့ကြပါသည်။

ဖွန်လ ဆင်ပိုဇီယမ် ဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုရန် အပစ်အခတ်ရပ်စဲရေးအလွန် လုပ်ငန်းစဉ်များ ကမကထပြုရေးအဖွဲ့က ကျင်းပသွားမည့် ဆွေးနွေးပွဲ ဆင်ပိုဇီယမ်များ ၏ ပထမဆုံး ဆွေးနွေးပွဲ ဆင်ပိုဇီယမ် ဖြစ်ပါသည်။

## ဆင်ပိုဇီယမ်တွင် ဆွေးနွေးပြောကြားသည့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ

**မစ္စတာ ယန်းအားနော့(ပြင်သစ်)** ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်း (တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်အဆင့်)/ အာဖဂန်နစ္စတန်၊ ဂွာတီမာလာ၊ ဘာရွန်ဒီနှင့် ဂျော်ဂျီယာနိုင်ငံများတွင် ကုလသမဂ္ဂမစ်ရှင်အဖွဲ့များ၏ ခေါင်းဆောင်။ ဂွာတီမာလာ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဦးဆောင်ကြားဝင်စေ့စပ်သူ။ ကုလသမဂ္ဂ အဆင့်မြင့်ရာထူးများဖြင့် နမ်ဘီယာနှင့် အနောက်ဆာဟာရတို့တွင်လည်း ဆောင်ရွက်ဖူး။ ၂၀၁၁ မှ ၂၀၁၃ အထိ Sciences Po တက္ကသိုလ် Paris Institute of Political Studies တွင် လက်တွေ့ဆိုင်ရာ ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့။

**မစ္စဆာရာကလိဖ်(ယူကေ)** ကမ္ဘာ့ဘဏ် အထူးအကြံပေးနှင့် ကုလသမဂ္ဂ လက်ထောက် အထွေထွေ အတွင်းရေးမှူးချုပ်၊ တောင်အာဖရိက၊ ရဝမ်ဒါ၊ အင်ဒိုနီးရှားနှင့် တီမောလက်စ်တီ နိုင်ငံများ၏ ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီ လုပ်ဆောင်ခဲ့၊ ၂၀၁၁ တွင် ကမ္ဘာ့ဘဏ် ပဋိပက္ခ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေး အစီရင်ခံစာ၏ ညွှန်ကြားရေးမှူး အဖြစ် ဆောင်ရွက်ခဲ့။

**ဗိုလ်ချုပ်(ငြိမ်း)** ရှီဗာရမ် ပရာဒဟာန်(နီပေါ) နီပေါတပ်မတော် ဗိုလ်ချုပ်(ငြိမ်း)။ မော်ဝါဒီပါတီများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် နီပေါအစိုးရငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၏ ပညာရပ်ဆိုင်ရာ အကြံပေး၊ ကုလသမဂ္ဂ နီပေါမစ်ရှင် လက်အောက်ရှိ ပူးတွဲ စောင့်ကြည့်ရေး ညှိနှိုင်းရေးကော်မတီ ဒုဥက္ကဋ္ဌ။ နီပေါဘုရင့်တပ်မတော် အနောက်ပိုင်း စစ်ဌာနချုပ်နှင့် ယခင် ယူဂိုစလားဗီးယားနိုင်ငံ ကုလငြိမ်းချမ်းရေးအဖွဲ့ (ခြေလျင်တပ်ရင်း) တရင်းကို ကွပ်ကဲခဲ့။

**မစ္စတာ အီယန်မာတင်(ယူကေ)**- အရှေ့တီမော (နောင် တီမောလက်စတေ)၊ နီပေါနှင့် လစ်ဗျား နိုင်ငံတို့တွင် ကုလ ငြိမ်းချမ်းရေးအဖွဲ့ကို လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် အဆင့်ဖြင့် ကုလအထူးကိုယ်စားလှယ်အဖြစ် ဦးဆောင်ခဲ့။ ဟေတီ၊ ရဝမ်ဒါ၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနား၊ အီသီယိုပီးယား/အီထရီးယားတို့တွင် ငြိမ်းချမ်းရေး ထောက်ပံ့ရေးနှင့် လူ့အခွင့်ရေးဆိုင်ရာ မစ်ရှင်များတွင် အဆင့်မြင့် အရာထမ်းတဦးအနေနှင့် ဆောင်ရွက်ခဲ့။ သီရိလင်္ကာနှင့် ဆူဒန်နိုင်ငံများတွင် အကြံပေးအဖြစ်ဆောင်ရွက်ခဲ့။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ အထွေထွေအတွင်းရေးမှူး (၁၉၈၆-၉၂)။







**ရှီဗာရမ် ပရာဒဟာန်**
နီပေါတပ်မတော် ဗိုလ်ချုပ်(အငြိမ်းစား)

ဓာတ်ပုံ နေအောင်နိုင်(MPC)

BEYOND CEASEFIRES INITIATIVE

**ကျနော်တို့က အကြမ်း ဖက်သမားလို့ ခေါ်တဲ့ လူတွေနဲ့ ကျွန်တော် လက်ဆွဲနှုတ်ဆက်ခဲ့ရတာ တစက်မှ စိတ်မချမ်းသာပါဘူး၊ သူတို့ လက်တွေက သွေးစွန်းနေတဲ့ လက်တွေမဟုတ်လား။ခြောက်လလောက်ကြာတဲ့အခါမှာတော့** ပေါ်လာတဲ့ကိစ္စ တွေ၊ ပြဿနာတွေကို အတူတူ နေ့စဉ်နဲ့အမျှ ဖြေရှင်းရင်းက မော်ဝါဒီတပ်ရဲ့ အကြီးအကဲကို ကျွန်တော့် ညီရင်းအစ်ကိုတယောက်လို စိတ်ထဲမှာ အောက်မေ့မိလာပါတယ်။

# နီပေါ အတွေ့အကြုံ (အငြိမ်းစားဗိုလ်ချုပ် ရှီဗာရမ် ပရာဒန် )

မော်သူပုန်တွေနဲ့ ကျွန်တော် ပထမ တွေ့တဲ့နေ့က မိသားစုနဲ့ ရုပ်ရှင်သွားကြည့်မလို့ စီစဉ်ထားတာ။ ဒါပေမဲ့ အထက်လူကြီးက ဖုန်းခေါ်ပြီး ဟိုတယ်တခုမှာ သူ့ကို လာတွေ့ပါတဲ့။ အဲဒီမှာမှ မော်ဝါဒီ တပ်က ခေါင်းဆောင်တွေနဲ့ မျက်နှာချင်းဆိုင် တွေ့ရတာပါပဲ။ ကျွန်တော် မပျော်ပါဘူး။ ကျနော်တို့က အကြမ်းဖက်သမားလို့ခေါ်တဲ့လူတွေနဲ့ ကျွန်တော် လက်ဆွဲနှုတ်ဆက်ခဲ့ရတာ တစက်မှ စိတ်မချမ်းသာပါဘူး၊ သူတို့ လက်တွေက သွေးစွန်းနေတဲ့ လက်တွေမဟုတ်လား။ သိပ်ခက်ပါတယ်။ လက်ဆွဲ နှုတ်ဆက်မဲ့အစား သူတို့ကို သတ်လိုက်ချင်တာဗျာ။ သတ်လိုက်ရင်လဲ ဒီလူတွေကို တယောက် အမေရိကန်ဒေါ်လာ တသိန်း ဆုငွေထုတ်ထားတာဆိုတော့ ကျွန်တော် ချမ်းသာသွားမယ်ဗျာ။ အဲဒီ ကနဦးဆွေးနွေးမှုတွေပြီးလို့ အိမ်ပြန်ရောက်တဲ့အခါ ကျွန်တော့် လက်တွေကို ထပ်တလဲလဲ ကျွန်တော် ဆေးပါတယ်။ အင်မတန်လဲ အော့နှလုံးနာပြီးတော့ နေပါတယ်။ ဒီလိုနဲ့ စခဲ့ပြီးတော့ စေ့စပ်ညှိနှိုင်းမှုတွေ၊ ပြန်လည်ရင်ကြားစေ့ရေး စတင်ခဲ့ရပါတယ်။ ခြောက်လလောက်ကြာတဲ့အခါမှာတော့ ပေါ်လာတဲ့ကိစ္စ တွေ၊ ပြဿနာတွေကို အတူတူ နေ့စဉ်နဲ့အမျှ ဖြေရှင်းရင်းက မော်ဝါဒီတပ်ရဲ့ အကြီးအကဲဖြစ်တဲ့ Pasang လို့ ခေါ်တဲ့ Nanda Kishor Pun ကို ကျွန်တော့် ညီရင်းအစ်ကိုတယောက်လို စိတ်ထဲမှာ အောက်မေ့မိလာပါတယ်။

၂၀၀၅ ခုနှစ် ဒေလီမှာ နီပေါငြိမ်းချမ်းရေးဖြစ်စဉ် စပါတယ်။ အဲဒီမှာ ခုနစ်ပါတီ မဟာမိတ်အဖွဲ့ဆိုတာ ဖွဲ့ပြီး မော်ဝါဒီတွေက ဒီမိုကရေစီပြန် လည်ဖော်ဆောင်နိုင်ရန် အချက် ၁၂ ချက်ပါ သဘောတူညီချက် ဆိုတာကို လက်မှတ်ထိုးပါတယ်။ ဆိုလိုတာကတော့ ဘုရင့်ရဲ့ အုပ်ချုပ်မှုကို လက်မခံတဲ့ အင်အားစုတွေ ပေါင်းစည်းသွားမိခြင်း ဖြစ်ပါတယ်။ အဲဒီနောက် တနှစ်မှာတော့ ဒီ ခုနစ်ပါတီ မဟာမိတ်အဖွဲ့နဲ့ မော်ဝါဒီတွေဟာ အကြမ်းမဖက် လူထုလှုပ်ရှားမှုတရပ် ပူးတွဲ ဆောင်ရွက်သွားမယ်လို့ ကြေညာလိုက်ပါတယ်။ အဲဒီနောက်မှာတော့ ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြမှုတွေ ၁၉ ရက်လောက်ကြာကြာ ဖြစ်ပါတယ်။ ယုံကြည်မှုရသွားတဲ့ မော်ဝါဒီတွေက ၃လ တဖက်သတ်အပစ်ရပ်မယ်လို့ ကြေညာပြီးတော့ အစိုးရသစ်ကိုလည်း သူတို့နည်းတူ အပစ်ရပ်ဖို့၊ သူတို့ကို အကြမ်းဖက်သမား တံဆိပ်ကပ်ထားရာက ငြိမ်းချမ်းရေး ဆွေးနွေး ပွဲတွေကို ဖိတ်ကြားဖို့ ဆောင်ရွက်ပါတယ်။ ဒါတွေဟာ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့တဲ့ အဓိကဆောင်ရွက်ချက်တွေဖြစ်ပြီး အချက် ၂၅ ချက်ပါ အပစ်ရပ် စစ်သည်ကျင့်ဝတ်ကို ပေါ်ပေါက်လာ စေခဲ့ပါတယ်။

၂၀၀၆ မှာတော့ အစိုးရနဲ့ မော်ဝါဒီ ခေါင်းဆောင်ပိုင်းက ကုလသမဂ္ဂကို ဖိတ်ကြားပါတယ်။ ကြားဝင်စေ့စပ်ဖျန်ဖြေဖို့ မဟုတ်ပါဘူး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ကူညီပေးနိုင်အောင်လို့ ဖြစ်ပါတယ်။ အင်အားကြီး နိုင်ငံကြီး နှစ်နိုင်ငံက အိမ်နီးချင်းအနေနဲ့ ရှိနေသလို၊ နီပေါဆိုတာဟာ ကုလ ငြိမ်းချမ်းရေးမစ်ရှင်တွေအတွက် ဟိုရှေးကထဲက တပ်တွေပေးပို့ စေလွှတ် ခဲ့တဲ့ နိုင်ငံ၊ အများဆုံး စေလွှတ်ပေးခဲ့တဲ့ နိုင်ငံဖြစ်တော့ကာ၊ ပြင်ပက လေ့လာသူတွေဖိတ်၊ ပြီးတော့ ကျွန်တော်တို့ဆီမှာ မငြိမ်းချမ်းလို့ ငြိမ်းချမ်း ရေးအကူအညီ သူများဆီက တောင်းခံရတယ်ဆိုတာ အင်မတန် မျက်နှာပျက်စရာ ဖြစ်ပါတယ်။ အခြားသူတွေကလည်း ပါဝင်လိုကြပေမဲ့ ဒီအလုပ်နဲ့ ပတ်သက်လို့ အခြားသူတွေကို မယုံနိုင်ပါဘူး။ ဒါကြောင့် ကုလ မစ်ရှင်တရပ်ကို နီပေါကို ဖိတ်ပါတယ်။ ဒါပေမဲ့ ဦးထုပ်ပြာတွေ မလိုချင်ဘူး၊ လက်နက်ကိုင် ယူနီဖောင်းဝတ်တွေကို နီပေါမြေပေါ်မှာ မမြင်လိုပါဘူး။ ဒါကြောင့် ကုလနဲ့ ညှိနှိုင်းပြီးတော့ လက်နက် ကိုင်တွေကို စောင့်ကြည့်တဲ့ ပုဂ္ဂိုလ်တွေဟာ ယူနီဖောင်းဝတ်မဟုတ်တဲ့ အရပ်သားတွေပဲ ဖြစ်ရမယ်လို့ ညှိယူခဲ့ပြီး အပြာရောင်စစ်ခမောက်တွေအစား ဒီပုဂ္ဂိုလ်တွေကို အပြာရောင် ဦးထုပ်တွေ ဝတ်ဆင်စေခဲ့ ပါတယ်။

# အပစ်ရပ်စောင့်ကြည့်ရေးနှင့် လက်တွေ့အကောင်အထည်ဖော်ရေး

"မြန်မာပြည်မှာ အတော်များများ လက်ခံထားကြတဲ့ အယူအဆက မည်သူမဆို (ဒေသခံ အရပ်ဘက်လူ့အဖွဲ့အစည်း) အနေနဲ့ စောင့်ကြည့်မှုအလုပ်ကို လုပ်လို့ရတယ်ဆိုတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ယုံကြည်စိတ်ချရမှုနဲ့ တာဝန်ခံမှု ဆိုတဲ့ကဏ္ဍတွေနဲ့ စပ်လျဉ်းလို့ မေးစရာမေးခွန်းတွေ ပေါ်လာပါတယ်။ ပြည်တွင်းကသူတွေအနေနဲ့ ဘက်မလိုက်ဖို့၊ ရရှိလာတဲ့ သတင်းအချက်အလက်တွေကို မှန်မှန်ကန်ကန် သုံးသပ်အတည်ပြုနိုင်လောက်အောင် ယုံကြည်ထိုက်ဖို့ ဆိုတဲ့ကိစ္စက ခဲယဉ်းပါတယ်။ နိုင်ငံတကာက ကြားလူ (တတိယလူ) ပါလာမယ်ဆိုရင် ယုံကြည်မှုတည်ဆောက်ရေး နည်းလမ်းတရပ်အနေနဲ့များ ဖြစ်ကောင်း ဖြစ်နိုင်လေမလား။"

ဒေါ်ဂျာနန်လထော်

ငြိမ်း (ရှလုံ) ဖော်ဒေးရှင်း ဒါရိုက်တာ နှင့် NCCT ပညာရပ် အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်

BEYOND CEASEFIRES INITIATIVE

"ပဋိပက္ခတိုင်း၊ နောက်ခံအခြေအနေတိုင်းဟာတနေရာနဲ့ တနေရာ မတူဘူးဆိုတာကို ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ဆိုတော့ဘယ်ပုံစံကိုသုံးရမယ်ဆိုတာမျိုး မရှိပါဘူး။ ဒါပေမဲ့ မတူကွဲပြားမှုတွေ၊ ဆင်တူတဲ့အခြေအနေတွေကနေ ကျွန်တော်တို့ လေ့လာသင်ယူနိုင်ပါတယ်။ ပြီးတော့ အောင်မြင်တဲ့ ဖြစ်စဉ်တွေကနေ လေ့လာသင်ယူလို့ ရသလိုပဲ အမှားအယွင်းတွေကနေလဲ သင်ခန်းစာ ယူနိုင်ပါတယ်" ဟု အီယန်မာတင်က ဆိုပါသည်။ အပစ်ရပ်စောင့်ကြည့်ရေး၊ လက်တွေ့အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အခရာကျသည့် ကဏ္ဍငါးခုကို မီးမောင်းထိုးဖော်ပြခဲ့သလို အရှေ့တောင်အာရှရှိ ပဋိပက္ခ လေးခုတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို အထူးအားဖြင့် ဖလှယ်ဆွေးနွေးခဲ့ပါသည်။

**အပစ်အခတ်ရပ်စဲရေး သဘောတူချက်များနှင့် ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေး/နိုင်ငံရေး သဘောတူညီချက်များ အဆက်အစပ်။** အောက်ပါ ဇယားတွင် ဖော်ပြထားသည့်အတိုင်း အချို့အခြေအနေများတွင် (မန်ဆာမိုရှိနှင့် သီရိလင်္ကာ) အပစ်အခတ်ရပ်စဲရေးမတိုင်မီ နိုင်ငံရေး သဘောတူညီချက် တစုံတရာ မရှိပါ၊ သို့သော် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုမှုများ ရှိပါသည်။ အာချေတွင် အပစ်အခတ်ရပ်စဲရေး တကြိမ်ပျက်ပြားပြီး ၂၀၀၄ ဆူနာမီကြောင့် နှစ်ဘက်တပ်များအကြား တိုက်ခိုက်မှုများကို ရပ်စဲခဲ့ရသဖြင့် အပစ်အခတ်ရပ်စဲရေး အခြေအနေမျိုး မရောက်ရောက်အောင် ဆူနာမီက ဖန်တီးပေးခဲ့သည်ဟု ဆိုရမလို ဖြစ်ပါသည်။ ယင်းနောက် သဘောတူညီချက်ရရှိသည်။ ယင်း သဘောတူညီချက်မှာ အပစ်အခတ်ရပ်စဲရေးသာမကဘဲ လက်နက်များ ဖြုတ်သိမ်းရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ မူဝါဒများကိုလည်း သဘောတူညီထားသည်။ နီပေါတွင် ကနဦး အပစ်ရပ်ရာမှစပြီး ဖွဲ့စည်းပုံကို ပြန်လည်ရေးဆွဲရန်အတွက် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပရန်ပင် သဘောတူညီခဲ့သည်ကို တွေ့ရမည်။ အပစ်အခတ်ရပ်စဲပြီး များမကြာမီပင် လက်နက်ကိုင် တပ်ရင်းများနှင့် ယင်းတို့ကိုင်ဆောင်သည့် လက်နက်များကို မည်သို့ မည်ပုံ ဆောင်ရွက် စောင့်ကြည့်မည်ကို သဘောတူနိုင်ခဲ့သလို တပြိုင်နက်ထဲမှာပင် အလုံးစုံ လွှမ်းခြုံမှုရှိသော ငြိမ်းချမ်းရေး သဘောတူညီ ချက်ကို ရရှိအောင် ညှိနှိုင်းနိုင်ခဲ့သည်။

**အပစ်ရပ် အကောင်အထည်ဖော်ရေးကို အန္တရာယ်ပေးသည့် အချက်များ။** အပစ်ရပ် အကောင်အထည်ဖော်ရေးကို အန္တရာယ်ပေးသည့်အချက်များ မှာ- လက်နက်ကိုင်တပ်များ သို့မဟုတ် အစိုးရတပ်များ လက်နက်ကိုင်စွဲ လျက် ကြိုတင်အကြောင်းကြား သဘောတူညီချက် တစုံတရာမရှိဘဲ တနေရာမှ တနေရာသို့ ရွှေ့ပြောင်းသွားလာခြင်းက တိုက်ပွဲများ ပြန်လည်ဖြစ်ပွားရန် အခြေအနေကို တိုးမြင့်သည်။ ယင်းနည်းတူပင် တပ်လေ့ကျင့်မှုများ၊ တပ်ရွှေ့ပြောင်းမှုများကလည်း အလားတူဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ပျက်ပြားစေနိုင်သည့် ကိစ္စများမှာ အရပ်သားများကို ဆက်လက် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ နှင့်ထက်ကလူပြုခြင်း၊ ပြည်သူပိုင်/ပုဂ္ဂလိကပိုင် ပစ္စည်းများကို ပြန်လည်ပေးအပ်မှု မရှိခြင်းနှင့် လူသစ်စုဆောင်းခြင်းတို့ ဖြစ်ပါသည်။

**အပစ်ရပ်စောင့်ကြည့်မှု ပုံစံများ။**

နိုင်ငံတကာဖြစ်စဉ်များကိုကြည့်လျှင် တနေရာနှင့်တနေရာ အပစ်ရပ် စောင့်ကြည့်ရေးအတွက် သုံးသည့် နည်းနာများ ကွဲပြားကြကြောင်းတွေ့ရ မည်ဖြစ်ပါသည်။ နီပေါ တွင် ကမ္ဘာ့ကုလသမဂ္ဂကို ဖိတ်ကြားပြီး သုံးပွင့်ဆိုင် ပူးပေါင်း စောင့်ကြည့်ရေး ထိန်းညှိရေးအဖွဲ့ ဖွဲ့စည်းသည်။ ပူးပေါင်း စောင့်ကြည့်ရေး အဖွဲ့များ ဖွဲ့စည်းသည်။ ယင်းအပြင် နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများကလည်း ဒေသခံ ငြိမ်းချမ်းရေး ကော်မတီများ ဖွဲ့စည်းပြီး ယင်းတို့၏ အဆက် အသွယ်များကို အခြေခံ၍ မြေပြင်အခြေအနေများကို စောင့်ကြည့်ခြင်း၊ သတင်းပို့ခြင်းများ ဆောင်ရွက်သည်။ အာချေတွင် နိုင်ငံတကာ စောင့်ကြည့်ရေးမစ်ရှင်ကို ဖွဲ့စည်းပြီး ဆောင်ရွက်သည်။ ယင်းမစ်ရှင်တွင် ဥရောပသမဂ္ဂနှင့် အာဆီယံတို့ ပါဝင်သည်။ ဗန်ဆာမိုရှိတွင် နိုင်ငံတကာ စောင့်ကြည့်ရေးအဖွဲ့ရှိပြီး ဒေသန္တရ စောင့်ကြည့်ရေးအဖွဲ့များပါဝင်သည့် ပြည်တွင်းစောင့်ကြည့်ရေးစနစ် နှစ်ရပ် ရှိသည်။

**တပ်များပေါင်းစည်းရေးနှင့် တပ်ဖျက်သိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှု။** နီပေါနှင့် အာချေ နှစ်နေရာစလုံးတွင် လက်နက်ကိုင်များ စာရင်းသွင်းခြင်းနှင့် ဟုတ်မဟုတ် စစ်ဆေးခြင်း ကဏ္ဍများတွင် စိန်ခေါ်မှုများ ကြုံတွေ့ခဲ့သည်။ ယင်းတို့မှာ ယခင်လက်နက်ကိုင်အဖြစ် စာရင်းသွင်းရာတွင် မည်သို့သော အခြေခံအချက်များအပေါ် မူတည်လက်ခံမည်ဆိုသည့် ကိစ္စနှင့် ယင်းသတင်းအချက်အလက်များကို ထိန်းသိမ်း လျှို့ဝှက်ထားရေးကိစ္စတို့ပင် ဖြစ်သည်။ အခြားအခက်အခဲများတွင် အဆင့်ဆင့် လိုက်လျောညီထွေ ရှိသော ငွေကြေးအထောက်အပံ့၊ အသက်မပြည့်သေးသော လက်နက်ကိုင် တပ်ဖွဲ့ဝင်များကို တပ်မှထွက်ခွာစေခြင်း၊ လက်နက်ကိုင်များ ရွှေ့ပြောင်း သွားလာရေးအတွက် မူများညှိနှိုင်းရခြင်းနှင့် ယခင် လက်နက်ကိုင်များကို နိုင်ငံ၏ တရားဝင် လုံခြုံရေးတပ်များသို့ ပေါင်းစည်းမည်လား၊ သို့မဟုတ် တပ်မှထွက်ခွာစေမည်လားဆိုသည့် (decommissioning) ကဏ္ဍများ ဖြစ်ပါသည်။

**လက်တွေ့လုပ်ဆောင်မှုများကို အစီအစဉ်ချဆောင်ရွက်ခြင်း။** အီယန်မာတင်၏ အတွေ့အကြုံအရ ယင်း အစီအစဉ်ချခြင်း (sequencing) သည် အရှုပ်ထွေးဆုံး ကိစ္စပင် ဖြစ်ပါသည်။ ဘန်ဆာမိုရို သဘောတူညီ ချက်တွင် လက်နက်ကိုင်များနှင့် (ယင်းတို့စွဲကိုင်ထားသော) လက်နက်များကို ဖြုတ်သိမ်းရေးအတွက် အသေးစိတ်အစီအစဉ်များ ဖော်ပြပါရှိသည်။ လက်နက်ကိုင်များကို လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးတွင် အဆင့် သုံးဆင့်ပါရှိပြီး ယင်းအဆင့်များသည် သဘောတူညီချက်ပါ အခြား ကဏ္ဍ အသီးသီး၏ အဆင့်များနှင့် တိုက်ရိုက် ချိတ်ဆက်ထားသည်။ ဥပမာ အားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဥပဒေ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေး၊ ရဲတပ်ရင်းသစ်များ ပေါ်ပေါက်ရေး၊ လက်ကိုင်တပ်များဖြုတ်သိမ်းရေးနှင့် လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ၊ အပြောင်းအလဲကာလ တရားမျှတမှုဆိုင်ရာ ကိစ္စများနှင့် ချိတ်ဆက်ထားခြင်း ဖြစ်သည်။


နီပေါတွင် လက်နက်များ၊ လက်နက်ကိုင်များကို စာရင်းသွင်းခြင်း လုပ်ငန်းစဉ်က မော်ဝါဒီပါတီ ပါလီမန်တွင်းသို့ ဝင်ရောက်လာပြီး ညွန့်ပေါင်းအစိုးရဖွဲ့နိုင်စေရန်၊ ဖွဲ့စည်းပုံဥပဒေရေးဆွဲရန် တိုင်းပြည်ပြု လွှတ်တော်ခေါ်နိုင်စေရန် စတင်ပေးခဲ့သည်ဟု ဆိုရမည်။ အာချေတွင် သဘောတူညီချက်အရ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ဥပဒေနှင့် ရွေးကောက်ပွဲများ၊ လက်နက်များ/လက်နက်ကိုင်များကို ဖြုတ်သိမ်းရေးဆိုင်ရာတွင် မည်မျှ ဖြုတ်သိမ်းရမည်နှင့် ဖြုတ်သိမ်းရမည့် အဆင့်လေးဆင့်၊ အစိုးရတပ်များနှင့် ရဲတပ်များ မည်မျှ ရုပ်သိမ်းမည်နှင့် ရုပ်သိမ်းရန်အဆင့်များကို အချိန်ဇယားဖြင့် ဖော်ပြသဘောတူထားသည်။

**အပစ်ရပ်စောင့်ကြည့်ရေးမှသည် ယုံကြည်မှုတည်ဆောက်ရေးသို့။** အပစ်ရပ်စောင့်ကြည့်ရေးကို နှစ်ဘက် အဖွဲ့အစည်းများအကြား ယုံကြည်မှု တည်ဆောက်နိုင်သည့် လုပ်ငန်းစဉ်တရပ်အနေနှင့် မီးမောင်းထိုး ညွှန်ပြလေ့ရှိကြသည်။ သို့ရာတွင် အပစ်ရပ်စောင့်ကြည့် ရေးနည်းလမ်းများမှာ မတူကွဲပြားကြသည်။ နိုင်ငံတကာက စောင့်ကြည့်ခြင်း ဖြစ်နိုင်သလို ပြည်တွင်း စောင့်ကြည့်မှု၊ ဒေသန္တရ စောင့်ကြည့်မှုလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ယင်းသုံးခုကို ပူးပေါင်းပုံစံ သို့မဟုတ် ရောပြွမ်း ပုံစံမျိုးဖြင့် ပေါင်းစပ်ထားသည့် အနေမျိုးလည်း ဖြစ်နိုင်သည်။ သက်ဆိုင်ရာအဖွဲ့များအနေနှင့် ဖြေရှင်းရန် ကိစ္စရပ်များကို ဒေသန္တရအဆင့်တွင် ဖြေရှင်းနိုင်ပါက ဖြေရှင်းကြရန် ဖြစ်သော်လည်း ပြည်တွင်း စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်တွင် ယုံကြည်ကိုးစားထိုက်မှုအပိုင်း၌ အကန့်အသတ်များရှိသည်။ အထူးသဖြင့် တာဝန်ခံမှုနှင့် (သတင်းအချက်အလက်များ မှန်မမှန်) ဆုံးဖြတ်အတည်ပြုခြင်း အပိုင်းများတွင် ဖြစ်သည်။ "နိုင်ငံတကာက ပါဝင်မှုတွေဟာ ပြည်တွင်းရှိအင်အားစုများရဲ့ စိတ်ဆန္ဒသဘောကို အစားထိုးနိုင်တာမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံတကာပါဝင်မှုဟာ တဖက်နဲ့တဖက် ယုံကြည်မှုတည်ဆောက်နိုင်ဖို့ တခါတရံ ကူညီပေးနိုင် တာမျိုး ရှိပါတယ်" ဟု အီယန်မာတင်က ဆိုပါသည်။

စောင့်ကြည့်ရေးတွင် နိုင်ငံတကာပါဝင်ခြင်းက ပြည်တွင်းအင်အားစုအသီးသီးကို ပူးပေါင်းဆောင်ရွက် နိုင်စေရန် အကူအညီပြုနိုင်သည်။ သို့ရာတွင် အရေးကြီးသည့်အချက်မှာ ယုံကြည်မှု အပြန်အလှန် တည်ဆောက်နိုင်ပြီဆိုသည့်အခါ ရှောင်ထွက်ပေးပြီး နောက်မှ အသာကြည့်နေရန် ဖြစ်ပါသည်။ နိုင်ငံတကာပါဝင်သည့် စောင့်ကြည့်ခြင်းတွင်လည်း အကန့်အသတ်များ ရှိပါသည်။ နိုင်ငံတကာ စောင့်ကြည့်မှု ဖြစ်လျှင် လုံခြုံရေးဆိုင်ရာအာမခံချက် ရရှိလိမ့်မည်ဟု မျှော်လင့်မထားထိုက်ပါ။ လုံခြုံရေးဆိုင်ရာ အာမခံချက်ဆိုသည်မှာ နှစ်ဘက် သဘောတူညီချက်နှင့် ယုံကြည်မှုအပေါ်တွင် လုံးလုံးလျားလျား မှီတည်နေသည်သာ ဖြစ်ပါသည်။

"တခါတလေ တတိယပုဂ္ဂိုလ်ပါတဲ့အခါကျတော့ လုံခြုံရေး ဆိုင်ရာ အာမခံပေးနိုင်မယ်လို့ အထင်မှား တတ်ကြပါတယ်။ နိုင်ငံတကာပါဝင်တဲ့ စောင့်ကြည့်ခြင်းဟာ နှစ်ဘက် အဖွဲ့အစည်းများ က လုပ်ဆောင်ပေးရမဲ့ လုံခြုံရေးအာမခံချက်များကို အစားထိုးနိုင်တာမျိုး မဟုတ်ပါဘူး။"

ယန်းအားနော့



အီယန်မာတင်
ကမ္ဘာ့ကုလသမဂ္ဂ
အထူးကိုယ်စားလှယ်ဟောင်း

# သဘောတူညီချက်၊ စောင့်ကြည့်ရေး၊ အချိန် ဇယား

ဘန်ဆာမိုရို (ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနာအို) – (၁) အပစ်ရပ်မတိုင်မီ နိုင်ငံရေးသဘောတူညီချက် မရှိပါ၊ သို့ရာတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် မျှော်လင့်ကြသည်များ ရှိပါသည်။ (၂) အပစ်ရပ် စောင့်ကြည့်ခြင်းကို နိုင်ငံတကာ စောင့်ကြည်ရေးအဖွဲ့ အပါအဝင် ပြည်တွင်းစနစ်နှစ်ခုနှင့် ဆောင်ရွက်သည်- ဒေသခံစောင့်ကြည့်ရေးအဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်တံ့ရေး ညှိနှိုင်းရေးကော်မတီတရပ်၊ ယင်း သက်ဆိုင်ရာ အဖွဲ့များပါဝင်သော ပူးတွဲလုပ်ငန်းအုပ်စု(ယာယီ)တရပ်။ (၃) လက်နက်များနှင့် လက်နက်ကိုင်များကို ဖြုတ်သိမ်းတပ်ရုပ်ရေးအဆင့် သုံးဆင့် (၃၀%၊ ၃၅%၊ ၃၅%) တဆင့်ချင်း စီတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံဥပဒေများ အတည်ပြု ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်း၊ တပ်များရုပ်သိမ်းခြင်း၊ ဘန်ဆာမိုရို ရဲတပ်ရင်း ပေါ်ပေါက်လာခြင်း၊ ကိုယ်ပိုင်တပ်ရင်းများ၊ အခြား လက်နက်ကိုင်တပ်များ တပ်ဖြုတ်သိမ်းခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် ကြေညာခြင်း၊ အပြောင်းအလဲဆိုင်ရာ တရားမျှတမှုဆောင်ရွက်ခြင်းစသည့် လက်တွေ့အကောင်အထည်ဖော်ခြင်း အဆင့်များနှင့် ချိတ်ဆက်ထား သည်။

အာချေ (အင်ဒိုနီးရှား)- (၁) အပစ်အခတ်ရပ်စဲရေး တကြိမ် ပျက်ပြားပြီးနောက် ဆူနာမီကြောင့် အပစ်ရပ်ရသည်၊ ယင်းနောက် အပစ်အခတ်ရပ်စဲရေး၊ တပ်ရုပ်သိမ်း၊ ဖြုတ်သိမ်းရေးနှင့် ကိုယ်ပိုင် အုပ်ချုပ်ပြဋ္ဌာန်းခွင့်ဆိုင်ရာ မူဘောင်များ ဖော်ပြပါရှိသော အပစ်ရပ်သဘောတူညီချက် ပေါ်ပေါက်လာသည်။ (၂) အပစ်ရပ်ရေးကို (ဉရောပသမဂ္ဂနှင့် အာဆီယံ ပါဝင်သော) နိုင်ငံတကာ အပစ်ရပ်စောင့်ကြည့်ရေးမစ်ရှင်၊ ခရိုင်ရုံးခွဲများနှင့် လုံခြုံရေးသဘောတူညီချက်များကို စောင့်ကြည့်ရန် ကော်မရှင်တရပ်ဖြင့် စောင့်ကြည့် အကောင်အထည်ဖော်သည်။ (၃) ယင်းသဘောတူညီချက်က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဥပဒေများနှင့် ရွေးကောက်ပွဲများအတွက် အချိန်ဇယား သတ်မှတ်ပြဋ္ဌာန်းပေးပြီး လက်နက်များ၊ လက်နက်ကိုင်များ ဖြုတ်သိမ်းရေးဆိုင်ရာ အဆင့်လေးဆင့်ပါဝင်သည်။ ယင်းနည်းတူ အစိုးရတပ်များနှင့် ရဲတပ်ရင်းများ ရုတ်သိမ်းရေးအတွက် အဆင့်ဆင့်များ ဖော်ပြပါရှိသည်။

နီပေါ - (၁) အပစ်ရပ်ပြီးလျှင် တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပပေးရန်နှင့် ဘုရင်စနစ် အဆုံးသတ်ရန် သဘောတူညီချက်ဖြင့် အပစ်ရပ်သည်၊ ယင်းနောက် အလုံးစုံလွှမ်းခြုံသော ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်နက်များနှင့် လက်နက်ကိုင်တပ်များ စီမံခန့်ခွဲမှုဆိုင်ရာ စောင့်ကြည့်ရေး သဘောတူညီချက်နှင့် တပြိုင်နက်ထဲ ဆောင်ရွက်သည်။ (၂) အပစ်ရပ် စောင့်ကြည့်ရေးကို ကုလ ကမကထပြု၊ သဘာပတိမှုသော ပူးပေါင်း အပစ်ရပ်စောင့်ကြည့်ရေး ညှိနှိုင်းကော်မတီ၊ သုံးပွင့်ဆိုင် ပူးပေါင်းအဖွဲ့များ၊ ဒေသခံ ငြိမ်းချမ်းရေး ကော်မတီများ (နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း) ဟူသော အဖွဲ့များဖြင့် ဆောင်ရွက်သည်။ (၃) လက်နက်များ၊ လက်နက်ကိုင်များကို စာရင်းသွင်းခြင်း လုပ်ငန်းစဉ်က မော်ဝါဒီပါတီ ပါလီမန်တွင်းသို့ ဝင်ရောက်လာပြီး ညွန့်ပေါင်းအစိုးရဖွဲ့နိုင်စေရန်၊ ဖွဲ့စည်းပုံဥပဒေရေးဆွဲရန် တိုင်းပြည်ပြုလွှတ်တော်ခေါ်နိုင်စေရန် စတင်ပေးခဲ့သည်ဟု ဆိုရမည်။ ယင်းနည်းတူ လက်နက်ကိုင်များကို ပေါင်းစည်းခြင်း သို့မဟုတ် တပ်တာဝန်မှ ရုပ်သိမ်းခြင်းများကို ရွေးကောက်ပွဲမတိုင်မီ ဆောင်ရွက်နိုင်ခဲ့သည်။



BEYOND CEASEFIRES INITIATIVE

# အပစ်ရပ်ကာလတွင်း စီးပွားရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ခြင်း



ဓာတ်ပုံ နေအောင်နိုင်(MPC)

**ဒေါက်တာ ရွှေခါး**

တွဲဖက် အထွေထွေ အတွင်းရေးမှူး

ချင်းအမျိုးသားတပ်ဦး

"နိုင်ငံတကာ အကူအညီနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာမျိုးဟာ အကျိုးလဲ ဖြစ်စေနိုင်သလို ငြိမ်းချမ်းရေးကို ဉပဒ်လဲ ပေးနိုင်ပါတယ်။ အခုနေခါမယ် ကြုံတွေ့နေရတဲ့ ကိစ္စက အကူအညီတွေကို လွှတ်လွှတ် လပ်လပ် လက်ခံလိုက်ပြီးတော့ ဖွံ့ဖြိုးရေးပရောဂျက်တွေကို နိုင်ငံရေးအဖြေမထွက်သေးခင်၊ အခုအချိန်ကထဲက စခွင့်ပြုလိုက်ရမလား၊ ဒါမှမဟုတ် နိုင်ငံရေးအဖြေထွက်ပြီးမှဘဲ ခွင့်ပြုလိုက်ကြမလားဆိုတဲ့ မေးခွန်းပါဘဲ။ ယုံကြည်မှု ပျောက်ဆုံးခြင်းက အဓိက အဟန့်အတားဖြစ်နေတော့ကာ ဖြစ်စဉ်လဲ ရှေ့တိုးသာအောင်၊ ယုံကြည်မှုလဲ တည်ဆောက်နိုင်အောင် ကြားကာလ သဘောတူညီချက် တစုံတရာတော့ ရှိဖို့လိုမယ်လို့ ထင်ပါတယ်။"

ကမ္ဘာ့ဘဏ် အရာထမ်းဟောင်း ဆာရာကလိဖ်က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပေါ်ပေါက်ရရှိနိုင်မည့် အခြေအနေမျိုးတွင်၊ ယခင် ပဋိပက္ခကြောင့် လက်လှမ်း မမီ ဖြစ်ရသည့် ဒေသများအတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ရောက်ရှိလာနိုင်သည့် အနေအထားမျိုး ရှိပါကြောင်း၊ ယင်းအခွင့်အလမ်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အားကောင်းခိုင်မာစေသည့် အကျိုးရလဒ် ပေါ်ပေါက်စေနိုင်သလို တပြိုင်နက်ထဲမှာပင် စနစ်တကျစီမံခန့်ခွဲမှု မပြုလုပ်ပါက တင်းမာမှုများ လည်း ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်ပါကြောင်း ဖော်ပြဆွေးနွေး ပါသည်။

မစ္စကလိဖ်က ထပ်မံဆွေးနွေးရာတွင် "အဓိက အရေးကြီးတဲ့ ကိစ္စတွေကတော့ ဒီဒေသတွေကို ဘာတွေ လုပ်ဆောင်ပေးသင့်တယ်ဆိုတာကို ဘယ်သူကဆုံးဖြတ်မလဲ၊ အဲသလို လုပ်ဆောင်ပေးမှုကနေ ဘယ်သူတွေ အကျိုးအမြတ်ရမလဲဆိုတဲ့ကိစ္စနဲ့ မျှော်လင့်ချက်တွေကို ဘယ်လို စီမံခန့်ခွဲရမယ် ဆိုတာတွေပဲ ဖြစ်ပါတယ်"ဟု ဆွေးနွေးပါသည်။ အခြေခံဝန်ဆောင်မှုများ ပေးအပ်ရာတွင်၊ အလုပ်အ ကိုင်များ ဖန်တီးပေးရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သလိုရင်းမြစ်များ စီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အတွေ့အကြုံများကိုလည်း ရှင်းလင်းခဲ့ပါသည်။ ဘဏ္ဍာငွေများ၊ ရင်းနှီးမြှုပ်နှံမှုများ ပေးအပ်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် နိုင်ငံတကာအကူအညီဖြင့် ဒေသန္တရ လူ့အဖွဲ့အစည်းများက ထိန်းညှိစောင့်ကြည့်ခြင်းတို့က နှစ်ဖက် အပြန်အလှန်ယုံကြည်မှု (trust and confidence) အရေးကြီးကြောင်း ဆက်လက် ဆွေးနွေးပါသည်။

ဘယ်သူ့အကျိုးလဲ။ ငြိမ်းချမ်းရေး အကျိုးအမြတ်များရရှိရာတွင် သူသာ၍ ငါနာသည်စသည့် မညီမျှဆိုသော အမြင်မျိုး ပေါ်လာခြင်း မရှိရအောင် ရှောင်ရှားဖို့ အရေးကြီးသည်ဟု ဆာရာကလိဖ်က ဆိုပါ သည်။ ပဋိပက္ခသက်ရောက်ရာ ဒေသများသို့ ကူညီထောက်ပံ့သော အလှူငွေများနှင့် အခြားဒေသများသို့ ရောက်ရှိသည့် အလှူငွေများ ကွာဟမှုအပေါ်မူတည်၍ တင်းမာမှုများ ရှိနိုင်သည်။ ဉပမာ- မာလီနိုင်ငံ။ ယင်းနည်းတူပင် ယခင် လက်နက်ကိုင်များက ဒုက္ခသည်များထက်စာလျှင် စီးပွားရေးဆိုင်ရာ အထောက်အကူများ ပိုမိုရရှိသည်ဆိုသော တင်းမာမှုများ လည်း ပေါ်ပေါက်လာနိုင်စရာ ရှိသည်။ ဉပမာ- မျိုးသုဉ်းသတ်ဖြတ်မှု အပြီး ရဝမ်ဒါနိုင်ငံ။ သို့တည်းမဟုတ် နေရပ်စွန့်ခွာ ဒုက္ခသည် များက (ပညာရေး၊ သန့်ရှင်းရေး၊ အသေးစားချေးငွေ စသည့်) ဝန်ဆောင်မှုများကို အရည်အသွေး မြင့်မားစွာရရှိပြီး အခြား လူအုပ်စုများအတွက်မူ ထူးခြား ပြောင်းလဲမလာသည့်အခါမျိုးတွင်လည်း တင်းမာမှုများ ပေါ်ပေါက် လာနိုင်သည်။

**ဘယ်သူက ဆုံးဖြတ်မလဲ။** ဤကိစ္စကို ဖြေရှင်းနိုင်ရန် နေရာအတော်များများတွင် အားလုံးပါဝင်မှုရှိသော ကြားကာလ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အစီအမံများကို အသုံးပြုကြသည်။ အောင်မြင်မှုရရှိသည့် နိုင်ငံအချို့မှာ တောင်အာဖရိကနှင့် တီမောလက်စတေတို့ ဖြစ်ကြ ပြီး ယင်းနိုင်ငံများတွင် နိုင်ငံတွင်းရှိ အင်စတီကျူးရှင်းများက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် အသင့်မဖြစ်သေးသည့်အခါ၊ သို့တည်းမဟုတ် တရားနည်း

ဆီလျော်စွာ မထွက်ပေါ်လာမီတွင် လူထုနီးနောတိုင်ပင်မှု ပါဝင်သည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို အသုံးပြုကြသည်။ တောင်အာဖရိကတွင် ကြားကာလ အစီအမံများ ချထားသတ်မှတ်ရာ၌ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ၊ မြေယာ၊ အိမ်ရာ၊ အလုပ်သမားနှင့် အလုပ်ဖန်တီးရေး၊ ဖွဲ့စည်းပုံရေးဆွဲရေး၊ အပြောင်းအလဲကာလ လုံခြုံရေးနှင့်ဆက်စပ်သည့် ကိစ္စများဟူ၍ ကဏ္ဍများ အသီးသီးတွင် ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ အလုံးစုံ လွှမ်းခြုံမှုရှိသည့် ကြားကာလ အစီအမံများ ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တနိုင်ငံလုံးအဆင့်၊ ဒေသန္တရအဆင့်များတွင် ဆုံးဖြတ်ချက်ချမှတ်ပြီး ယင်းဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်တွင် ယခင်လက်နက်ကိုင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် ဘာသာရေးကျောထောက်နောက်ခံပြု အဖွဲ့အစည်း များလည်း ပါဝင်ဆုံးဖြတ်ချက် ချမှတ်ကြသည်။ တီမောလက်စတေတွင် ပဋိပက္ခအလွန် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ပေးသော အလှူရှင်များပါဝင်သည့် ရန်ပုံငွေအဖွဲ့တွင် တီမောနိုင်ငံသား ကိုယ်စားလှယ်များ ကျယ်ပြန့်စွာ ပါဝင်စေပြီး ကဏ္ဍများ၏ ဦးစားပေးအဆင့်များကို ဆုံးဖြတ်စေသည်။

**ဘယ်သူက ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးမလဲ။** အပြောင်းအလဲကာလ၊ ပဋိပက္ခလွန် အခြေအနေ များတွင် ယုံကြည်မှုက မရေရာသည့်အခါမျိုး၌ အဓိကကျသည့် ကိစ္စတရပ်မှာ မည်သူက ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည်နည်းဆိုသော မေးခွန်းပင် ဖြစ်ပေသည်။ ယခင် စစ်မက်ဖြစ်ပွားခဲ့သည့် နေရာများတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် ဗဟိုအစိုးရက အသင့်မဖြစ်သေးသည့်အခါ သို့တည်းမဟုတ် ဗဟိုအစိုးရက လက်ခံရန် အဆင်သင့်မဖြစ်သေးသည့်အခါမျိုးတွင် ပြည်တွင်း၊ ပြည်ပ လူထုအခြေပြု အဖွဲ့အစည်းများနှင့် NGO များကို ဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် ကျယ်ပြန့်စွာ အသုံးပြုကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အာဖဂန်နစ္စတန်တွင် ဒေသန္တရ စွမ်းရည်မြှင့်တင်မှုနှင့် အုပ်စီးနိုင်မှုမှာ အလွန်အရေးပါပါသည်။ သာဓကအားဖြင့် လူမှုကာကွယ်ရေး၊ ရေရရှိရေးနှင့် အသေးစား အခြေခံအဆောက်အအုံ စီမံချက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများကို လူထုအခြေပြုအဖွဲ့အစည်းများက ဆောင်ရွက်အကောင်အထည်ဖော် ပေးခြင်းပင် ဖြစ်သည်။ ယင်းပရောဂျက်များ အတွက် ရန်ပုံငွေကို အပစ်ရပ်စောင့်ကြည့်မှုနှင့်ဆုံးဖြတ်ပေးမှု လုပ်ငန်းစဉ်များ စတင်ပြီဆိုသည်နှင့် တပြိုင်နက် အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ တီမောလက်စတေနှင့် အာဖဂန်နစ္စတန်တို့တွင် ကြားကာလတရပ်အတွင်း NGO များက ကျန်းမာရေးစသည့် အခြေခံဝန်ဆောင်မှုများကို ပေးအပ်ပြီး ဗဟိုနှင့် ဒေသခံ ကျန်းမာရေးစနစ်များ တဖြည်းဖြည်းစွမ်းဆောင်ရည် ဖွံ့ဖြိုးလာစေရန် အချိန်ရရှိစေခဲ့ပါသည်။ ယင်း NGO များက ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများကို ပြည်တွင်းအင်အားစုများက ကြီးကြပ်ထိန်းညှိပေးပြီး ဗဟိုက ဘဏ္ဍာငွေချထားပေးသော အဆင့်သို့ တဖြည်းဖြည်း ရောက်ရှိအောင် ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

တက်ရောက်လာသူများက နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းများကို (အထူးသဖြင့် လူငယ်ထုအတွက်) မည်သို့ဖန်တီးကြပုံကို ဆွေးနွေးပေးရန် ပန်ကြားကြပါသည်။ ဆာရာကလိဖ်က ဖွံ့ဖြိုးပြီး နိုင်ငံများအပါအဝင် မည်သည့်လူ့အဖွဲ့အစည်းတွင်မှ

**BEYOND CEASEFIRES INITIATIVE**

"တန်းတူရည်တူ အနေအထားနဲ့ သက်ဆိုင်ရာ နှစ်ဖက်အဖွဲ့တွေက ဆွေးနွေးမှုတွေ ပြုလုပ်နေချိန်မှာ ရင်းမြစ်ကဏ္ဍ၊ အသိပညာကဏ္ဍမှာ နှစ်ဘက် မညီမျှမှုက ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်မှုကို အဟန့်အတား ဖြစ်စေပါတယ်။ နောင်မှာ ဖွံ့ဖြိုးရေးစီမံကိန်းတွေ ပေါ်ပေါက်လာတဲ့အခါ သက်ဆိုင်ရာ အကျိုးရှင် အသီးသီးအနေနဲ့ ကျယ်ပြန့်တဲ့ နီးနောဆွေးနွေးမှုတွေမှာ အားလုံး ပါဝင်ပတ်သက်နိုင်ဖို့က မရှိမဖြစ် အရေးကြီးတဲ့၊ မလုပ်မဖြစ်ကိစ္စ ဖြစ်ပါတယ်။ ကာလရှည်ကြာ ဂရုမစိုက်ဘဲ ပစ်ပယ်ထားခြင်း ခံခဲ့ရတဲ့ လူနည်းစုတိုင်းရင်းသား လူအုပ်စုတွေရဲ့ အသံကို နားထောင်တဲ့ မူဝါဒတွေ၊ ဖြစ်စဉ်တွေ ဖြစ်ပေါ်လာဖို့ ကျွန်တော်တို့ အလေးအနက် စဉ်းစား၊ တာဝန်ယူလုပ်ဆောင်ကြရမှာပဲ ဖြစ်ပါတယ်။"

ပဒို စောကွယ်ထူးဝင်း

KNU အထွေထွေအတွင်းရေးမှူးနှင့် NCCT ဒုတိယခေါင်းဆောင

ဤမေးခွန်း အတွက် ခြောက်ပြစ်ကင်း သဲလဲစင်သည့် အဖြေမျိုး မရှိပါကြောင်း၊ သို့ရာတွင် ပဋိပက္ခလွန် အခြေအနေမျိုးတွင် အလုပ်ဖြစ်သည်ဟု အသိအမှတ်ပြုထားခြင်းခံရသည့် နည်းလမ်းအချို့ရှိပါကြောင်း၊ ဥပမာ အင်ဒိုနီးရှား ဥပမာအရ လုပ်အားအခြေပြု အလုပ်များ (labour-intensive works)၊ သက်မွေးပညာ လေ့ကျင့် သင်ကြားပေးမှု၊ ယင်းနှင့် ငွေစုခြင်း၊ ငွေချေးပေးခြင်းပုံစံများ (ယီမင်နှင့် ဘာရွန်ဒီ)နှင့် ရဝမ်ဒါတွင် သုံးသည့် value chain investment ပုံစံမျိုးများ ဖြစ်ပါကြောင်း ဖြေကြားပါသည်။ သဘာဝ သယံဇာတရင်းမြစ်များတွင် ရင်းနှီးမြှုပ်နှံမှုမှာ အရင်းအနှီးအခြေပြု လုပ်ငန်းများဖြစ်ပြီး (အခွန်များစွာ ရရှိနိုင်မည်ဖြစ်သော်လည်း) ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း လောက်လောက် လားလား ဖန်တီးမပေးနိုင်ကြောင်းလည်း ဖြေကြားပါသည်။

**အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများပွင့်လင်းမြင်သာရေး။** ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့်သာ မကဘဲ အခြေခံအဆောက်အဦ၊ သဘာဝရင်းမြစ်များ ထုတ်ယူရေးနှင့်ပါ ဆက်စပ်သည့် ကိစ္စရပ်တရပ်မှာ အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများ ပွင့်လင်းမြင်သာရေးပင် ဖြစ်ချေသည်။ အခြားနိုင်ငံများရှိ အတွေ့အကြုံများအရ သန့်ရှင်းသော၊ ပွင့်လင်းမြင်သာမှုရှိသော စနစ်များက အခရာကျသည်ကို တွေ့ရမည် ဖြစ်ပါသည်။ "ယုံကြည်မှုမရှိတာက နိုင်ငံရေးအရ အကဲဆတ်တဲ့ အချိန်မျိုးမှာ လူ့အဖွဲ့အစည်းအတွင်းကို ရောက်လာတဲ့ အကူအညီတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေအတွက် issue (ပြဿနာတရပ်) ဖြစ်နိုင်ပါတယ်" ဟု ဆာရာကလိဖ်က ဆိုပါသည်။ နိုင်ငံအချို့တွင်မူ ဤကိစ္စကို ဖြေရှင်းရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်မီ ရပ်ရွာလူထုနှင့် တိုင်ပင်နီးနောမှုများ လုပ်ရမည်ဆိုသောမူများချမှတ်ထားပြီး ယင်းအကူအညီများနှင့် စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိသော သတင်းထုတ်ပြန်မှု လုပ်ငန်းများ ဆောင် ရွက်ရမည်ဟု ပုံစံချထားခြင်းမျိုး ရှိပါသည်။ အင်ဒိုနီးရှားတွင်မူ ရပ်ရွာအခြေပြု အကူအညီများကို ဒေသခံများကိုယ်တိုင်စောင့်ကြည့်ပြီး ဆူနာမီအတွက် ထောက်ပံ့လှူဒါန်းလာသည့် အကူအညီများကို သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတရပ်က စောင့်ကြည့်ကာ ဘဏ္ဍာရေးဆိုင်ရာ သီးခြားထိန်းချုပ် စီမံမှုများ ဆောင်ရွက်စေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ငြိမ်းချမ်း ရေးဖြစ်စဉ်အတွင်းတွင်လည်း နိုင်ငံတကာက ကူညီပေးနိုင်သည်များ ရှိပါသည်။ ဆူဒန်တွင်မူ သက်ဆိုင်ရာ နှစ်ဖက်အဖွဲ့အစည်းများက ရေနံရင်းမြစ်မှရသည့် အခွန်များကို စောင့်ကြည့်နိုင်စေရန် နိုင်ငံတကာက အကူအညီပေးခဲ့ပါသည်။ မိုဇမ်ဘစ်တွင် အကောက်ခွန်ဆိုင်ရာ စောင့်ကြည့်မှုပြုနိုင်ရန်အတွက် နိုင်ငံတကာ ကုမ္ပဏီတခုကို လုပ်ခွင့်ချထားပေးပြီး ပြည်တွင်းအဖွဲ့အစည်းများအား နည်းလမ်းပြ ကူညီစေသည့်ပုံစံမျိုးလည်း ရှိပါသည်။ ဆာရာကလိဖ်ဟောပြောချက် အချိန်အတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက Extractive Industries Transparecy Initiative (EITI) နှင့် ပတ်သက်၍ ပိုမိုသိလိုကြပါသည်။ အချို့ မှတ်ချက်များကမူ ယခုပြဆိုခဲ့သည့် ဖြစ်စဉ်များမှ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် မချိတ်ဆက်ဘဲ စတင် ဆောင်ရွက်ဖြစ်ပေါ်နေပြီး ဖြစ်ပါကြောင်း မှတ်ချက်ပြုပြောကြားကြပါသည်။ ဆာရာကလိဖ်က ETIT အနေနှင့် အကျိုးရှင်များစွာ ပါဝင်သော စောင့်ကြည့်ရေးမူဘောင်တရပ် ပါဝင်ပါကြောင်း၊ ယင်းမူဘောင်သည် ပဋိပက္ခလွန်အခြေအနေတွင် ယုံကြည်မှုတည်ဆောက်ရေးအတွက် များစွာ အကျိုးရှိနိုင် စေမည်ဖြစ်သလို ရေရှည် အင်စတီကျူးရှင်းများ တည်ဆောက်ရေးအတွက်လည်း အကျိုးရှိနိုင်စေမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**မျှော်လင့်ချက်များကို စီမံခြင်း။** သူ့အတွေ့အကြုံအရ ပြောရလျှင် မျှော်လင့်ချက်များကို စီမံခြင်းဆိုသည့် ကိစ္စမှာ အင်မတန် အရေးပါသော ကိစ္စဖြစ်သည်ဟု ဆာရာကလိဖ်က ဆိုပါသည်။ "ပဋိပက္ခတွေ နှစ်ကာလ ရှည်ကြာလာတဲ့အခါမှာ မျှော်လင့်ချက်တွေကလည်း မြင့်မားလာပါတယ်။ တခါတရံကျတော့ ငြိမ်းချမ်းရေး အသီးအပွင့်ဆိုတာတွေ ခံစားနိုင်ဖို့ အချိန်လဲ လိုသလို၊ စိတ်လဲ ရှည်ရှည်ထားပြီး စောင့်ရတာမျိုး ရှိတယ်ရှင့်။ လူတွေ မျှော်လင့်တာထက် ပိုကြာတာမျိုးပေါ့လေ။" အမျိုးသားအစိုးရ၊ ဒေသခံ အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ၊ လူအုပ်စုများအကြား နီးကပ်သော ဆွေးနွေးပွဲများနှင့် အစိုးရနှင့် အလှူရှင်များအကြား နီးကပ်သည့် ဆွေးနွေးမှုများက လက်တွေ့ကျသော လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်မည်ဖြစ်သလို၊ ရေတိုလုပ်ငန်းအစီအမံများနှင့် ရေရှည် အင်စတီကျူးရှင်း တည်ဆောက်မှု လုပ်ငန်းများ ပေါ်ပေါက်လာစေရန် ဆောင်ကျဉ်းပေးနိုင်မည် ဖြစ်ပေသည်။ ယင်းအစီအမံများကိုလည်း လူထု မျှော်လင့်ချက်များကို စီမံနိုင်စေရန် လူထုထံသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးတင်ပြရန် လိုပေသည်။ တောင်အာဖရိကတွင် အသုံးပြုသော၊ တဖက်နှင့်တဖက် အပြန်အလှန် နားလည်နိုင်စေပြီး ဘက်အားလုံးနှင့် ကိုက်ညီဆီလျော်သည့် မျှော်လင့်ချက်များ တည်ဆောက်ပေးနိုင်သော၊ အားလုံး ပါဝင်မှုရှိသည့် လုပ်ငန်းစဉ်များက ယခု ကိစ္စတွင် အခရာကျပါသည်။

"အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရအပြီးမှာ အခွင့်အလမ်းသစ်တွေအနေနဲ့ ပေါ်ထွက်လာမဲ့ စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးရေး ကိစ္စရပ်တွေအတွက် အဓိက အရေးကြီးတဲ့ ကိစ္စတွေကတော့ ဒီဒေသတွေကို ဘာတွေ လုပ်ဆောင်ပေးသင့်တယ်ဆိုတာကို ဘယ်သူက ဆုံးဖြတ်မလဲ၊ အဲသလို လုပ်ဆောင်ပေးမှု ကနေ ဘယ်သူတွေ အကျိုးအမြတ်ရမလဲ ဆိုတဲ့ကိစ္စနဲ့ မျှော်လင့်ချက်တွေကို ဘယ်လို စီမံခန့်ခွဲရမယ် ဆိုတာတွေပဲ ဖြစ်ပါတယ်"

ဆာရာကလိဖ်

ဆာရာကလိဖ်

ကမ္ဘာ့ဘဏ်အထူးအကြံပေး



ဓာတ်ပုံ နေအောင်နိုင်(MPC)

# နိုင်ငံရေးဆွေးနွေးပွဲ။ ။ ပုံစံချခြင်း မှ လက်တွေ့အကောင်အထည်ဖော်ရေးသို့

"နိုင်ငံရေးဆွေးနွေးပွဲတော့ မစရသေးပါဘူး။ ဒါပေမဲ့ နှစ်ဘက် အပြန်အလှန်ဆက်ဆံရေးတွေတော့ ယခုကတည်းက တည်ဆောက်ထားနိုင်ပြီး ဖြစ်ပါတယ်။ တချို့က နိုင်ငံရေး ဆွေးနွေးပွဲဆိုတာ ကျွန်တော်တို့ တိုင်းပြည်မှာ လိုအပ်တဲ့ ကိစ္စအားလုံးကို ထည့်သွင်းပါဝင်စေပြီး ဆွေးနွေးရတဲ့၊ ၉၆ ပါး ရောဂါတွေကို ကုနိုင်တဲ့ ဝိဇ္ဇာဆေးလို့ ထင်ကြပါတယ်။ ကျွန်တော်အမြင်မှာ အရေးအကြီးဆုံး ကိစ္စကတော့ ပျက်စီး ထိခိုက်ခဲ့တဲ့ တဖက်နဲ့တဖက် အပြန်အလှန်ဆက်ဆံရေးကို ပြန်လည် ပြုပြင်ကြဖို့၊ ပြန်လည်တည်ဆောက်ဖို့ဆိုတဲ့ ကိစ္စပါပဲ။"

ဦးအောင်နိုင်ဦး

တွဲဖက် ဒါရိုက်တာ၊ Dialogue Programme Myanmar Peace Centre

"နိုင်ငံရေးဆွေးနွေးပွဲနဲ့ စေ့စပ်ညှိနှိုင်းမှုတွေဟာ ပဋိပက္ခဖြစ်နေတဲ့ နှစ်ဖက်အဖွဲ့တွေကြားက ရန်မီးကို ငြှိမ်းသတ်နိုင်ဖို့ လိုအပ်တဲ့ တဖက်နဲ့ တဖက်နားလည်မှုကို တည်ဆောက်ယူရတဲ့ တခုထဲသော ကိရိယာ၊ တန်ဆာပလာလို့ မကြာခဏဆိုသလို ပြောလေ့ရှိကြပါတယ်။ ဒါပေတဲ့ လက်တွေ့မှာတော့ စေ့စပ်ညှိနှိုင်းမှုတွေက တဖက်နဲ့ တဖက် အပြန်အလှန် နားလည်မှုဆိုတာထက်ပိုတဲ့တာဝန်တွေ ရှိပါတယ်။ အဲဒါတွေကတော့ ပထမဆုံးအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ဖို့ဆိုလို့ရှိလို့ရှိရင် နိုင်ငံရေး စေ့စပ်ဆွေးနွေးမှုတွေဟာ နှစ်ဖက်အဖွဲ့တွေအကြား ရန်ဘက်ကနေ မိတ်ဘက်အဖြစ် ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ဆက်ဆံရေးမျိုး ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ရပါမယ်။ ဒီလို ပူးပေါင်းဆောင်ရွက်မှုများ မရှိဘဲနဲ့ကတော့ ငြိမ်းချမ်းရေးသဘောတူညီချက်တွေဟာ ခုနေ ပျက်လိုက်၊ တော်ကြာ ပျက်လိုက် ဆိုတာမျိုး ဖြစ်နေမှာပါပဲ။ ပြန် ပစ်နေကြမှာပါပဲ။ ငြိမ်းချမ်းရေး သဘောတူညီချက်တွေကို လက်တွေ့အကောင် အထည်ဖော်တဲ့ အဆင့်မှာ နှစ်ဖက်အဖွဲ့တွေကြား ယုံကြည်မှု မတည်ဆောက်နိုင်ကြသေးဘူး ဆိုရင်တော့ ဒီကိစ္စမှာ (တဖက်နဲ့ တဖက် ယုံလာအောင်) နိုင်ငံတကာက များများ စားစား ကူညီပေးနိုင်စရာ မရှိပါဘူး။" ဟု ယန်း အားနော့က ဆိုပါသည်။



ယန်းအားနော့

ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်း

ဓာတ်ပုံ - နေအောင်ဝင်း(MPC)

ဒုတိယအနေမှာ နိုင်ငံရေးဆွေးနွေးပွဲများသည် ကျယ်ပြန့်သောတရား နည်းလမ်းကျမှု၊ တရားနည်းလျော်သည်လို့ အသိအမှတ်ပြုတာမျိုး ရရှိရန် လိုအပ်ခြင်းဖြစ်သည်။ "ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ထောက်ပံ့ ကူညီမှုဆိုတာမျိုးက တသဘောထဲဖြစ်ဖို့ဆိုတာ ရှားပါတယ်။ ပြည်တွင်း အဖွဲ့အသီးသီးမှာ အချို့လဲခပ်မဆိတ်၊ အချို့လဲသံသယရှိတာမျိုး၊ တချို့ က ဆန့်ကျင်တယ်ဆိုတာမျိုးတောင် ရှိပါလိမ့်မယ်"ဟု ယန်းအားနော့ က ဆိုပါသည်။ ရန်ဘက်များအကြား သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရုံမျှမက၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အများစု လူ့အဖွဲ့အစည်းက တရားနည်းလျော်ပါပေသည်ဟု အသိအမှတ်ပြုလာသည့်တိုင် ခိုင်မာလာ အောင် နိုင်ငံရေး ဆွေးနွေးပွဲများက ပုံစံချနိုင်ရေးမှာ အထူး အရေးကြီးပါသည်။

တတိယအချက်မှာ ညှိနှိုင်းမှုများ၏ ရလဒ်နှင့် ဆက်စပ်သည်။ နှစ်ဖက်အဖွဲ့များ ရရှိသော သဘောတူညီချက်များကို လက်တွေ့ ပကတိ အနေအထားတွင် အကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်သည်။ လက်တွေ့ လုပ်ဆောင်ရခဲယဉ်းသည်ကြောင့်ဖြစ်စေ၊ နိုင်ငံရေးအကြောင်းများ ကြောင့်ဖြစ်စေ၊ လက်တွေ့ ဖြစ်မလာသော သဘောတူညီချက်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်တခုကို အပျက်အစီး အဆုံးအရှုံးများစေနိုင်မည့်အနေသို့ ရောက်ရှိစေလိမ့်မည်။

ယန်းအားနော့က နိုင်ငံရေးဆွေးနွေးပွဲတရပ်သည် ပြည်သူလူထု၏ ကျယ်ပြန့်သောထောက်ခံမှု ရရှိစေရန်၊ ဆက်ဆံရေးပုံစံများကို ပြောင်းလဲ ပေးနိုင်စေရန်နှင့် ရရှိလာသည့် သဘောတူညီချက်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်စေရန်အတွက် တဖက်နှင့် တဖက် နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းမှုများကို ပုံစံချ၊ ဒီဇိုင်းဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် ကဏ္ဍလေးရပ်ကို တခုချင်းစီ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။

"ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အရပ်ဘက်အဖွဲ့အစည်းတွေကို ပါဝင်စေရတဲ့ ရည်ရွယ်ချက်ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို လူထုနဲ့ နီးကပ်နိုင်သလောက် နီးကပ်အောင်၊ နီးစပ်နိုင် သလောက် နီးစပ်အကျွမ်းဝင်လာအောင် လုပ်ပေးဖို့ပါပဲ။ ဒါပေမဲ့ နှစ်ဖက် အပေးအယူ အလျှော့အတင်း၊ အညှိအနှိုင်းတွေကတော့ နှစ်ဖက်အဖွဲ့များကသာ နက်နက်ရှိုင်းရှိုင်း သက်ဆိုင်စေရ၊ ဆောင်ရွက်ကြရပါလိမ့်မယ်။"

ယန်းအားနော့

**ပုံစံချမှတ်ရန် ညှိနှိုင်းခြင်း - ကိုယ်စားပြုမှုနှင့် အကျိုးရှိမှု အလုပ်ဖြစ်မှုကို ပေါင်းစပ်ခြင်း။** နိုင်ငံရေး ဆွေးနွေးပွဲပုံစံကို စဉ်းစားကြရာတွင် ကိုယ်စားပြုမှုနှင့် လက်တွေ့အလုပ်ဖြစ်မှုဆိုသော အချင်းချင်း အပြိုင်အဆိုင်သဖွယ် ရှိကြသည့် လက္ခဏာနှစ်ရပ်ကို ကောင်းစွာ စဉ်းစားထိုက်ပေသည်။ ဆိုလိုသည်မှာ နိုင်ငံရေးဆွေးနွေးပွဲသည် နိုင်ငံတွင်းရှိ အင်အားစုအသီးသီး၏ လိုလားချက်များကို ကျယ်ကျယ်ပြန့်ပြန့် ထင်ဟပ်ကိုယ်စားပြုရန် လိုသလို၊ တပြိုင်နက်ထဲမှာပင် စစ်ဖြစ်ခဲ့သည့် နှစ်ဖက်အဖွဲ့များသည် အဓိက ပါဝင်သူများဖြစ်ရာ နိုင်ငံရေးဆွေးနွေးပွဲများသည် ယင်းတို့အကြား ယုံကြည်မှုတည်ဆောက်နိုင်ရေးနှင့် သဘောမတူမှုများကို ဖြေရှင်းနိုင်ရေး ဆိုသော အလုပ်ဖြစ်မှုကိုရှေးရှုသည့် လုပ်ငန်းစဉ်တရပ်လည်း ဖြစ်ထိုက်သည် ဆိုသည့် အချက်ပင် ဖြစ်ပေသည်။ ယင်းအချက်နှစ်ချက်ကို မျှခြေဖမ်းနိုင်ရန် အထူး လိုအပ်လှပေသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူမှုကိုယ်စားပြုမှုရှိစေရန် ဆောင်ရွက်သည့် နည်းလမ်းမျိုးစုံ ရှိပေသည်။ ဂွာတီမာလာငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်း ညီလာခံတရပ်ကို ပုံစံကျ တည်ထောင် ထားပြီး ယင်းက သက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းနေကြသည့် နှစ်ဖက်အဖွဲ့များထံ သက်ဆိုင်ရာ ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ အရပ်ဘက်လူ့အဖွဲ့အစည်း၏ ထင်မြင်ချက်များကို ပေးပို့ကြသည်။ ကိုလမ်ဘီယာ နိုင်ငံတွင်မူ "အတိုင်ပင်ခံဖိုရမ်" ပုံစံမျိုး ဆောင်ရွက်ခဲ့ပြီး နိုင်ငံလုံးအဆင့်၊ ဒေသအဆင့်များက ယင်းတို့၏ သဘောထားအမြင်များကို နိုင်ငံရေးဆွေးနွေးပွဲသို့ ပေးပို့သည့်ပုံစံဖြစ်သည်။ တပြိုင်နက်ထဲမှာပင် ဆွေးနွေးညှိနှိုင်းသည့်ပုံစံသည် နှစ်ဖက်အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေ ကြသူများကို အဓိကကျသည့် အခန်းကဏ္ဍတွင် ထားရှိမှုကို ထိန်းသိမ်း ထားရန် အလွန်အရေးကြီးပြီး ယင်းနည်းအတိုင်း ဆောင်ရွက်မှသာလျှင် စစ်ရပ်နိုင်မည်ဖြစ်သလို၊ ပြည်သူလူထုအမြင်များ၊ တိုင်ပင်နည်းနာမှုများ ဆွေးနွေးမှုများလည်း ပါဝင်ထိုက်သလို၊ အခဲယဉ်းဆုံး၊ လက်အဝင်ဆုံး အပေးအယူ၊ အလျှော့အတင်းများ ပြုလုပ်ကြရာတွင် တတ်နိုင်သမျှ လူ့အကန့်အသတ်နှင့်ပါဝင်သည့် ဆွေးနွေးပွဲများ လိုအပ်ပေလိမ့်မည်။

**ဆွေးနွေးရန် အကြောင်းအရာများကို ညှိနှိုင်းခြင်း- မှန်မှန် ချဉ်းကပ်ဆောင်ရွက်ခြင်းဖြင့် အင်အားခိုင်မာလာ။ ညှိနှိုင်းမှုများကို** မည်သည့်အစီအစဉ်ဖြင့် ပြုရမည်ဆိုသည့်ကိစ္စတွင် အယူအဆနှစ်ရပ် ရှိပါသည်။ ပထမအယူအဆမှာ ညှိနှိုင်းရန်အခက်ခဲဆုံးသော အကြောင်း အရာများကို ဆွေးနွေးကြခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည် ကိုးစားမှုကို တိုးမြှင့်ထိုက်သည်ဟူသော အယူအဆဖြစ်ပါသည်။ ဒုတိယအယူအဆမှာမူ ယင်းနှင့် ပြောင်းပြန်ဖြစ်ပြီး ရိုးရှင်းသော ကိစ္စရပ်များကို စတင် ဖြေရှင်းကာ ပိုမိုခက်ခဲနက်နဲသော ကိစ္စရပ်များကို တရွေ့ရွေ့ဖြေရှင်းသွားထိုက်သည်ဆိုသော အယူအဆဖြစ်ပါသည်။ ယင်းပုံစံနှစ်မျိုးစလုံးကို ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အသုံးပြုကြပါသည်။ ယန်းအားနော့ အတွေ့အကြုံအရမူ ဒုတိယနည်းလမ်းဖြစ်သည့် သိမ်သိမ်မွေ့မွေ့ တရွေ့ရွေ့ဖြင့် ညှိနှိုင်းမှုများကို အရှိန်ရလာစေပြီးကာမှ ခဲယဉ်းလက်ဝင်သောကဏ္ဍများကို ဆွေးနွေးသည့်နည်းလမ်းကို သဘော ကျထိုက်သည်ဟု ယူဆပါသည်။ အကြောင်းမှာ ယင်းနည်းလမ်းက ညှိနှိုင်းဆွေးနွေးမှု များကို ထောက်ခံလိုလားသည့် အုပ်စုများကို ခိုင်မာစေပြီး နှစ်ဘက်အဖွဲ့အစည်းများအဝင်အပါ လူ့အဖွဲ့အစည်း တရပ်လုံးအနေနှင့် တွေ့ဆုံဆွေးနွေးပွဲသည် အလုပ်ဖြစ်သည်ကို မျက်ဝါးထင်ထင် မြင်လာနိုင်စေသလို၊ သဘောတူညီချက်များလည်း ရရှိနိုင်မည် ဖြစ်သောကြောင့်ပင်တည်း။ သိမ်မွေ့ တရွေ့ရွေ့ဆောင်ရွက်သည့် နည်းလမ်းက ယုံကြည်မှုကို တည်ဆောက်ပေးနိုင်ရုံမျှမက ကောင်းမွန်ခြင်း၊ ပျေပျစ်ခြင်း မရှိသည့် သဘောတူညီချက်များ ပေါ်ထွက်လာခြင်းကို ရှောင်ရှားပေးစေ နိုင်ခြင်းကြောင့်ပင် ဖြစ်လေသည်။ "နှစ်လိုဖွယ်မဟုတ်တဲ့ သဘောတူညီချက်တခုထက်စာရင် ဘာမှ သဘောတူညီချက်မရတာက သာကောင်းပါလိမ့်ဦးမယ်"ဟု ယန်းအားနော့က ဆိုပါသည်။ "နှစ်လိုဖွယ် မဟုတ်တဲ့ သဘောတူညီချက်ဆိုတာမျိုးဟာ နှစ်ဖက်အဖွဲ့တွေအနေနဲ့ သူတို့ (စိတ်ရင်းစေတနာအားဖြင့်) တကယ် မဖြေရှင်းချင်တဲ့ ကိစ္စ တွေကို ညှိနှိုင်းကြပြီးတော့ နှစ်ဖက်စလုံးက အရေးပါတယ်လို့ စိတ်ထဲမထင်တဲ့အနေမျိုးနဲ့ ထွက်ပေါ်လာတဲ့ သဘောတူညီချက်မျိုးကို ဆိုလိုတာပါပဲ။ နှစ်လိုဖွယ်မဟုတ်တဲ့ သဘောတူညီချက်ဆိုတာဟာ များသောအားဖြင့် လက်တွေ့အကောင်အထည်ဖော်ကြတဲ့အခါမှာပြဿနာ အကြီးကြီးတွေ တက်စေနိုင်တဲ့အမျိုးဖြစ်ပါတယ်" ဟု ယင်းက ဆိုပါသည်။

**နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းမှုများကို အပြန်အလှန်ယုံကြည်မှု တည် ဆောက်ရေးအတွက် အသုံးပြုခြင်း။** ယန်းအားနော့ အလိုအရ ငြိမ်းချမ်းရေး ဖြစ်စဉ်တရပ်တွင် အခက်ခဲဆုံးမှာ နှစ်ဖက်အဖွဲ့များအကြား တည်ရှိနေသည့် အခြေခံအားဖြင့် မယုံကြည်မှုကို ကျော်လွှန်သွားနိုင်ရန်ပင် ဖြစ်သည်ဟု ဆိုပါသည်။ အကြောင်းမှာ ကာလရှည်ကြာဖြစ်ခဲ့သည့် ပဋိပက္ခက ယင်းတို့၏ နှစ်ဖက်ဆက်ဆံရေးကို ဘက်ပေါင်းစုံက ထိခိုက်ခဲ့သော ကြောင့်ပင်ဖြစ်ပေသည်။ သူ့အတွေ့အကြုံအရဆိုရလျှင် ယင်း နှစ်ဖက် အပြန်အလှန် မယုံကြည်မှုဆိုသည့်ကိစ္စကို သဘောတူညီချက်များ ရရှိသည်အထိ စောင့်ဆိုင်းရန် မဖြစ်နိုင်ချေ။ တပိုင်းသဘော တူညီချက်များ ဆက်တိုက်ရရှိလာပြီး လက်တွေ့ဆောင်ရွက်သည့်အနေမျိုးမှသာ နှစ်ဖက်အပြန်အလှန် ယုံကြည်မှု ပေါ်ပေါက်လာနိုင်မည်ဖြစ်ပြီး သို့မှသာ နှစ်ဖက်အဖွဲ့များအနေနှင့် တဖက်၏ စိတ်ဆန္ဒ သဘောထားမှန်နှင့် လုပ်ရည်ကိုင်ရည်သည် ယင်းတို့ လိုလားသည့် ဆန္ဒများကို ဖြည့်တင်းပေးနိုင်ရန် ပြည့်စုံကုံလုံမှုရှိမရှိ စောင့်ကြည့်နိုင်သည့်အနေအထား ပေါ်ပေါက်လာမည်ဖြစ်ပေသည်။ အခြားတဖက်တွင်လည်း "အားလုံး သဘောမတူနိုင်သေးသရွေ့ ဘာကိုမှ သဘောမတူနိုင်" ဟု ဆုံးဖြတ် ထားလျှင်မူကား အဓိကကိစ္စရပ်များကို ဆွေးနွေးမှုနှင့်အပြိုင်တဦးပေါ် တဦး စိတ်ကောင်းစေတနာရှိမှုကို ပြသနိုင်မည့် ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းစဉ်များကို အပြိုင် ဆောင်ရွက်ထားရှိရန် လိုအပ်မည် ဖြစ်ပေသည်။

"နိုင်ငံရေးဆွေးနွေးပွဲအတွက် အချိန်ပေး၊ အလေးသာနေသလို၊ လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အချိန်ပေး အလေး သာနိုင် မယ်ဆိုတာမျိုး မဟုတ်ပါဘူး။"

ယန်းအားနော့

**လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှု များကို ဖြေရှင်းကျော်လွှားခြင်း - အချိန်ကိုက်ဆောင်ရွက်နိုင်မှု နှင့် နိုင်ငံရေးစိတ်စေတနာ အရေးပါပုံ။** အဆုံးသတ်တွင် ငြိမ်းချမ်းရေး ဖြစ်စဉ်တရပ် တကယ်အလုပ်ဖြစ်မဖြစ်ဆိုသည်မှာ ဆွေးနွေးပွဲ စားပွဲဝိုင်း တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် ဆုံးဖြတ်ချက်များကို လက်တွေ့ အကောင်အထည် ဖော်နိုင်ခြင်းရှိမရှိဆိုသည့် အချက်အပေါ်သာ လုံးလုံး လျားလျား မူတည်လေသည်။ ဤကိစ္စနှင့် စပ်လျှင် နိုင်ငံတကာ ငြိမ်းချမ်းရေးဖြစ်စဉ်များက ပေးသည့် သင်ခန်းစာသည်ကား လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်ကိုက်ဆောင်ရွက် နိုင်မှုက အရေးကြီးသောဟူ၏။ နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များသည်လည်း တတ်နိုင်သမျှ အစောဆုံး၊ အမြန်ဆုံး အကောင်အထည်ဖော်နိုင်သည့် ဆုံးဖြတ်ချက်အဖြေများဖြစ်ဖို့ အရေးကြီးပါသည်။ ငြိမ်းချမ်းရေး ဆွေးနွေး ပွဲများက ပေါ်ပေါက်လာသည့် ငြိမ်းချမ်းရေး အသီးအပွင့်များ ရရှိခံစား

နိုင်စေရန်၊ လက်တွေ့မျက်မြင်အကျိုးများကို နှစ်ဖက်အဖွဲ့များနှင့် လူထုက ရရှိခံစားနိုင်ရန် အရေးတကြီးလိုအပ်ရခြင်းမှာ ယင်းသို့ လက်တွေ့ အကျိုးမပေါ်ထွက်လာလျှင် ခဲလေသမျှ သဲရေကျရသည့် အဖြစ်မျိုးကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အနှောင့်အယှက်အဟန့်အတား ပြုနိုင်သည့် အခြေအနေမျိုး ရှိနေသောကြောင့်ပင် ဖြစ်ပါ၏။ ယင်းနည်းတူ အရေးကြီးသော အချက်တချက်လဲ ရှိပါသေးသည်။ ယင်းကား လက်တွေ့အကောင်အထည်ဖော်ရာတွင် အချိန်ဆွဲကြန့်ကြာလေလေ၊ နှစ်ဖက်ခေါင်းဆောင်များအနေနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နိုင်ငံရေး စေတနာကို ဆက်လက်ထားရှိရန် ခက်ခဲလာလေလေဆိုသည့်အချက် ဖြစ်ပေသည်။ နိုင်ငံရေးဆွေးနွေးပွဲအတွက် အချိန်ပေး၊ အလေးသာ နေသလို၊ လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အချိန်ပေး အလေးသာနိုင်မည်မဟုတ်ချေ။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်နှင့်အမျှ ပိုမိုခဲယဉ်းသောကိစ္စများကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အရှိန်အဟုန်သည်လည်း ခေါင်းဆောင်အပြောင်းအလဲ၊အစိုးရ အပြောင်းအလဲနှင့် သက်ဆိုင်ရာအဖွဲ့များအကြား သဘောကွဲလွဲမှုများကြောင့် အားနည်းယုတ်လျော့လာနိုင်သည့်အနေမျိုးလဲ ရှိပေသည်။

BEYOND CEASEFIRES INITIATIVE

ယင်းသို့ ဖြစ်ခဲ့သည့် သာဓကများလည်း မရှားလှချေ။ စင်စစ်သော်ကား ငြိမ်းချမ်းရေး ဖြစ်စဉ်တရပ်ဆိုသည်မှာ ငြိမ်းချမ်းရေးသဘောတူညီချက်များ ရရှိသည့်အချိန်တွင် အခိုင်မာဆုံး အခြေအနေမျိုး ရောက်ရှိပြီး အခြား အချိန်များတွင်မတော့ အထက်က ဆိုခဲ့သည့်အခြေအနေ ခိုင်မာသလောက် ခိုင်မာတော့သည်မဟုတ်ချေ။ ယင်းကြောင့်ပင် သဘောတူညီချက်များကို ပုံစံချကြရာဝယ် သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအနေနှင့် ဤအလုပ်အရွေ့ အတက်အကျများကို စိတ်ဝယ်စွဲမြဲ မှတ်သားထားစေလိုပါသည်ဟု တိုက်တွန်းရခြင်း ဖြစ်ပါပေသည်။

# နိုင်ငံတကာ၏ အခန်းကဏ္ဍ

"တခါတလေမှာတော့ နှစ်ဖက်အဖွဲ့တွေအကြား ယုံကြည်မှုတည်ဆောက်နိုင်အောင် နိုင်ငံတကာက ဝင်ပြီး ကူညီ၊ တံတားခင်းပေးနိုင်ပါတယ်။ ဒါပေမဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးရဲ့ ငြိမ်းချမ်းရေးအပေါ် ပိုင်းဖြတ်မြှုပ်နှံမှုကို နိုင်ငံတကာ ပါဝင်မှုနဲ့ အစားထိုးလို့ ရတာမျိုး မဟုတ်ပါဘူး"

အီယန်မာတင်

မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံတကာ ပါဝင်ပါက အထောက်အပံ့ဖြစ်နိုင်သည်ဟု ပါဝင်တက်ရောက်သူများက အကြံပြုကြသည် များရှိပါသည်။ ယင်းမှတ်ချက်များကို နိုင်ငံတကာပညာရှင် များက ပြန်လည်တုံ့ပြန်ရာတွင် အားလုံးက ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် နိုင်ငံတကာ၏ အခန်းကဏ္ဍမှာ ပြည်တွင်းမှ နှစ်ဖက်အဖွဲ့အစည်းများ၏ စိတ်ဆန္ဒပိုင်းဖြတ်မှုကို အစားထိုးနိုင်သည်ဆိုသည့် အနေမျိုး မဟုတ်ကြောင်း ပြောကြားကြပါသည်။ သို့ရာတွင် နိုင်ငံတကာ ပညာရှင်များအနေနှင့် နိုင်ငံတကာ အတွေ့အကြုံများတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များ၌ နိုင်ငံတကာ ပါဝင်ပတ်သက်မှုက အပြုသဘောဆောင်သော အခြေအနေများ ဖန်တီးပေးနိုင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နိုင်ငံရေးအရ အထောက်အကူ သို့မဟုတ် facilitation ခေါ် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် အကူအညီပေးနိုင်ခြင်းစသည့် အခြေအနေများလည်း ရှိပါကြောင်း သေချာစွာ ပြန်လည် ဖြေကြားကြပါသည်။

တခါတရံတွင် တဖက်နှင့်တဖက် စကားပြောဆို၊ ဆက်ဆံမှု မရှိသည့် အဖွဲ့များအတွက်မူ နိုင်ငံတကာ ပါဝင်လာခြင်းက ယုံကြည်မှု တည်ဆောက်ပေးနိုင်သည့် အခြေအနေမျိုး ပေါ်ပေါက်လာစေနိုင်သည်ကို လည်းတွေ့ရပေမည်။ သာဓကဆောင်ရလျှင် နီပေါတွင် လက်နက် ကိုင်များအနေနှင့် တတိယပုဂ္ဂိုလ် နိုင်ငံတကာပါဝင်လာသည့် အခါတွင်မှသာ အချင်းချင်း တိုက်ရိုက်ညှိနှိုင်းနိုင်ခြင်းမျိုးဖြစ်သည်ဟု အီယန်မာတင်က ရှင်းပြပါသည်။ ထို့အပြင် အပစ်ရပ်စောင့်ကြည့်ရေးနှင့် သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ရေး အပိုင်းများတွင် နိုင်ငံတကာအနေနှင့် ဒေသခံပုဂ္ဂိုလ်များ အခက်အခဲ ရှိနိုင်မည့် ဘက်မလိုက် ကြားနေမှုကို ပေးအပ်နိုင်ပေမည်။

ဆာရာကလိဖ်က စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိရေးမှာ ဒေသခံပုဂ္ဂိုလ်များ ဦး ဆောင်လုပ်ကိုင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအနေနှင့် စွမ်းဆောင်ရည် မြင့်မားလာစေရေး ကူညီပေးခြင်း၊ အပြောင်းအလဲကာလတွင်မည်သို့ ဆောင်ရွက်လုပ်ဆောင်ရမည်ဆိုသည့် အစီအမံကိစ္စများနှင့်စောင့်ကြည့် ခြင်း ကိစ္စများကို ကူညီပေးခြင်းများ ဆောင်ရွက်ပေးနိုင်ကြောင်း မှတ်ချက်ပြုပါသည်။ ယင်းသို့ ကူညီဆောင်ရွက်ပေးရန် နိုင်ငံတကာအနေနှင့် မည်သို့သော သတင်းအချက်အလက်များလိုအပ်ပါသနည်းဆိုသော မေးခွန်းကိုမူ ဒေသခံပုဂ္ဂိုလ်များ အနေနှင့် မည်သည့်ကိစ္စများကို ဦးစားပေးလုပ်ဆောင်မည်စသည့်ကိစ္စများကို အားလုံး သဘောတူညီနိုင်အောင် မည်သို့ လုပ်ဆောင်မည်ဆိုသည့် ဖြစ်စဉ်လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ရှိ နှစ်ဘက် အဖွဲ့များထံမှ ယင်းစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အစီအစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် မည်သို့ လက်တွေ့ အကောင်အထည်ဖော်မည်၊ လူထုနှင့် တိုင်ပင်နီးနှောမှုများ မည်သို့ ပြုလုပ်မည်ဆိုသည်ကို ထင်ထင်ရှားရှား ဖော်ပြထားသင့်ပါကြောင်းနှင့် စောင့်ကြည့်နိုင်အောင် ကူညီထောက်ပံ့မှုများ ပြုလုပ်ရန် လိုပါကြောင်း ဖြေကြားပါသည်။ "ဘာတွေကို ဦးစားပေးလုပ်မယ်၊ တိုင်ပင် နီးနှောမှုတွေ၊ လက်တွေ့ဆောင်ရွက်မှုတွေ ဘယ်လို လုပ်မယ်ဆိုတာကို အမျိုးသားအဆင့် ဆုံးဖြတ်သဘောတူထားတာတွေ မရှိဘူးဆိုရင် နိုင်ငံတကာအကူအညီ တွေကို မြေပြင်မှာ လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ ခက်ပါတယ်" ဟု ယင်းက ထပ်မံပြောကြားပါသည်။ လက်တွေ့အကောင်အထည်ဖော် ရာတွင် တွေ့ကြုံရသည့်ပြဿနာများ၊ နားလည်မှုလွဲမှုများကို ဖြေ ရှင်း ဆွေးနွေးနိုင်ရန် နိုင်ငံတကာအလှူရှင်များနှင့် မပြတ်ထိတွေ့ ဆက်ဆံရေး သည်လည်း အရေးကြီးကြောင်း ပြောကြား ပါသည်။

"နိုင်ငံတကာပါမှပဲ အောင်မြင်မယ်ဆိုတာမျိုး မဟုတ်သလို နိုင်ငံတကာပါဝင်ပတ်သက်တိုင်းလဲ အောင်မြင်မယ်တထစ်ချတွက်လို့ မရဘူး" ဟု ဆိုလာသူက ယန်းအားနော့ ဖြစ်ပါသည်။ တောင်အာဖရိက နိုင်ငံတွင် အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို ပြင်ပမှ ပါဝင်ပတ်သက်မှု မပါဘဲ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သလို ဆီးရီးယားနိုင်ငံတွင် နိုင်ငံတကာက အထူးကူညီနေပါလျက် ယခုတိုင် ငြိမ်းချမ်းရေးနှင့် ရွေပြည်



တော်မျှော်တိုင်းဝေးနေရပုံကို သူက သာဓကပြုပါသည်။သို့ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းပါဝင်မှုမှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း လာလျှင် အပြုသဘောသက်ရောက်သည့် အကြောင်းအရာ တခု ဖြစ်ပါကြောင်းလည်း ဆိုပါသည်။ "facilitation တို့ ကြားဝင်ဖျန် ဖြေခြင်းလို့ခေါ်တဲ့ mediation တို့၊ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု၊ ငြိမ်းချမ်းရေး အခွန့်ရှည်တည်တံ့အောင်ဆောင်ရွက်မှုစတဲ့ နယ်ပယ်တွေမှာနိုင်ငံတကာ အသိုင်းအဝိုင်းဆိုတာဟာ ရင်းမြစ်တွေလဲ ကြွယ်ဝတဲ့၊ ကျွမ်းကျင်မှုတွေ သောက်ချိုးမကုန်တဲ့ အနောဝတတ်အိုင်ကြီးသဖွယ် ဖြစ်ပါတယ်။ ဒီကန်ကြီးကနေ ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် လိုတာကို ခပ်ယူ သုံးစွဲ တာဟာ နိုင်ငံတနိုင်ငံရဲ့ အချုပ်အခြာအာဏာ နည်းနည်းမှ ယုတ်လျော့ နည်းပါးသွားတာမျိုး မဖြစ်နိုင်ပါဘူး" ဟု ယန်းအားနော့က ဆိုပါသည်။ မြန်မာနိုင်ငံအနေနှင့် ငြိမ်းချမ်းရေး ဆွေးနွေးဘက်များ ကိုယ်တိုင်က လိုလိုလားလားရှိလာချိန်တွင် ထိန်းသိမ်း ဆောင်ရွက်ပေးခြင်း (moderation)အတွက် နိုင်ငံတကာကို အသုံးပြုသင့်ကြောင်းနှင့် အကြံပြုဆွေးနွေးပါသည်။




ဓာတ်ပုံ - နေအောင်ဝိုင်(MPC)

# ယုံကြည်မှုတည်ဆောက်ခြင်း

"နှစ်ခြောက်ဆယ် စစ်တိုက်လာခဲ့ကြတော့ အပစ်ရပ်သဘော တူညီချက်ကို ညှိနှိုင်းဖို့ စိုးရိမ်နေကြ တာတွေ ရှိပါတယ်။ အခုထိ လိုအပ်တဲ့ ယုံကြည်မှုကို တည်ဆောက်နေရဆဲ ဖြစ်ပါ တယ်။ ဒီဖြစ်စဉ်မှာ လိုအပ်နေတာကတော့ အကျိုးရှင်များအကြား ယုံကြည်မှု တည်ဆောက်ပေးနိုင်မဲ့ စနစ်တွေပါပဲ။"

ဒေါ်ဂျာနန်လထော်

သက်ဆိုင်ရာအဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်ခြင်းဆိုသည်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်၏ကဏ္ဍတိုင်း- အပစ်ရပ်စောင့်ကြည့်ရေးမှသည် စီးပွားရေးနှင့် အပြောင်းအလဲဆိုင်ရာ အစီအမံများ လက်တွေ့ ဆောင်ရွက် အကောင်အထည်ဖော်ခြင်းအထိ၊ ကဏ္ဍတိုင်းတွင် အခရာကျပါသည်။ နိုင်ငံရေးဖြစ်စဉ်အတွက်လည်း မရှိမဖြစ် အရေးပါ ပါသည်။

အီယန်မာတင်က အပစ်အခတ်ရပ်စဲရေးနှင့် စပ်လျဉ်း၍ ဆိုရလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်များ၌ ယုံကြည်မှု တည်ဆောက်နိုင်ရန် တတိယလူ ပါဝင်ခြင်းကို ထည့်သွင်းအသုံးပြုမှုများ အထိုက်အလျောက် ရှိပါကြောင်း ပြောကြားပါသည်။ "ပြည်တွင်းစောင့်ကြည့်မှုဆိုရင် သမာ သမတ်ရှိတယ်၊ ကြားနေတယ်ဆိုတဲ့ အနေမျိုးဖြစ်ဖို့က အင်မတန် ခဲယဉ်း ပါတယ်။ အပစ်ရပ် စောင့်ကြည့်တယ်ဆိုရာမှာ အဓိကက ဘယ်သူ က မှားမှန် ဆုံးဖြတ်မလဲ၊ အငြင်းပွားမှု တစုံတရာ ပေါ်ပေါက်လာရင် ဘယ်သူက စုံစမ်းစစ်ဆေးမှာ လဲဆိုတဲ့ ကိစ္စပါပဲ။ ဒီအလုပ်ကို လုပ်မဲ့သူကို နှစ်ဘက် အုပ်စုတွေက လက်ခံဖို့လိုပါတယ်။ ဒါကြောင့် ဒီလိုအနေမျိုးမှာ နိုင်ငံတကာအနေနဲ့ ပါဝင်ပတ်သက်မှုဆိုတာမျိုး အနည်းနဲ့အများ ပေါ်ပေါက်လာ ပါတယ်။"

ဆာရာကလိဖ်က "စီးပွားရေးနဲ့ လူမှုရေး ကိစ္စတွေကို ညှိနှိုင်းဆွေးနွေးခြင်းဟာ တဦးနဲ့တဦး၊ တဖက်နဲ့တဖက် အပြန်အလှန် ဆိုသလို၊ သူ့ဘက် ကိုယ့်ဘက် လိုအပ်ချက်တွေ၊ လိုလားချက်တွေကို သိရှိ နားလည်လာစေနိုင်မယ်။ နောင်မှာ အရှည်သဖြင့် ဆွေးနွေး ညှိနှိုင်းယူရမယ့် နိုင်ငံရေးကိစ္စတွေကိုယုံကြည်မှုရှိရှိ ဆွေးနွေးနိုင်ဖို့ အခွင့်အလမ်းဖြစ်နိုင်ပါတယ်" ဟု ယုံကြည်ကြောင်း ပြောပါသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍တောင်အာဖရိကနိုင်ငံတွင်၁၉၉၄ပထမဆုံးအကြိမ် ဒီမိုကရေစီ ရွေးကောက်ပွဲများမတိုင်မီ လူမှုရေးနှင့် စီးပွားရေး မူဝါဒများကို ANC နှင့် အစိုးရတို့အကြား ပူပေါင်းအလုပ်လုပ်နိုင်သည့်အနေအထားမှ ပိုမိုကောင်းမွန်သည့် နှစ်ဖက် အလုပ်သဘောဆက်ဆံရေး ပေါ်ပေါက်လာ သည်ကို ဥပမာပေးပြောကြားပါသည်။

ထိုကဲ့သို့သော အနေအထားများတွင် တတိယလူ စောင့်ကြည့် ပါဝင်ခြင်းက တဖက်နှင့်တဖက်အကြား ဘဏ္ဍာရေးဆိုင်ရာနှင့် ဝန်ဆောင်မှု ဆိုင်ရာများ မညီမျှမှုကဲ့သို့သော သံသယကို လျှော့ချစေနိုင်ပေမည်။ ယင်း တတိယလူ ဆိုသည်မှာ ဒေသခံ အဖွဲ့အစည်းများဖြစ်နိုင်သလို ဆူနာမီအပြီး အင်ဒိုနီးရှားနိုင်ငံ အာချေမှာကဲ့သို့ နိုင်ငံတကာလည်း ဖြစ်နိုင်ပေသည်။ သို့မဟုတ်လျှင်လဲ မိုဇမ်ဘစ်တွင်ဆောင်ရွက်သလို အကောက်ခွန်များ ကောက်ခံရေးတွင် နိုင်ငံတကာ၏ အကူအညီရယူခြင်းမျိုးလဲ ဖြစ်နိုင် ပေသည်။

အောင်မြင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ နိုင်ငံရေးနှင့် ပုဂ္ဂိုလ်ရေးနှစ်ခုကို အနုပညာမြောက်စွာ ပေါင်းစပ်ထားခြင်းပင်ဖြစ်ပေ သည်။ ယန်းအားနော့က ပဋိပက္ခပြဿနာများအားလုံးကို ထည့်သွင်း စဉ်းစားသည့် အလုံးစုံ လွှမ်းခြုံသော၊ ပုံစံကျ ဖြစ်စဉ်တရပ် လိုအပ် ကြောင်းကို အထူးမီးမောင်းထိုး ပြောကြားသွားပါသည်။ သို့နှင့်တိုင် "တယောက် တယောက် သံသယရှိရာက ယုံကြည်လာနိုင်အောင်၊ နှစ်ဘက်စလုံးအကြား ပုဂ္ဂလိက ဆက်ဆံရေးမှာပါ အခြေခိုင်တဲ့ အပြောင်းအလဲ မရှိဘူးဆိုရင် ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ခဲယဉ်းပါလိမ့်မယ်" ဟု သူက ဆိုပါသည်။

ဗိုလ်ချုပ် ပရာဒန်၏အတွေ့အကြုံက ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း စေ့စပ်ညှိနှိုင်းရသူ တဦးချင်းစီ၏ အဖြစ်အပျက် အတွေ့အကြုံ ဘဝခရီးကို ဖော်ညွှန်းနေပါသည်။ မော်ဝါဒီ သူပုန်ခေါင်းဆောင်ကို လက်ဆွဲနှုတ်ဆက်ရသဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် မသတီရာမှ စခဲ့သည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နှစ်များကြာလာသည်နှင့်အမျှ ၄င်းတို့အကြား ဆက်ဆံရေးသည်လည်း ပုံစံပြောင်းလဲလာခဲ့ပါသည်။ ရက်လ နာရီပေါင်းများစွာ အတူဖြတ်သန်းပြီးသည့်နောက်တွင်မူကား တဦးနှင့်တဦးအကြား ယုံကြည်မှု၊ စစ်မှန်သည့်နားလည်မှုကို သူတို့ တည်ဆောက်နိုင်ခဲ့ကြပါပေသည်။

BEYOND CEASEFIRES INITIATIVE

# အပစ်အခတ်ရပ်စဲရေးအလွန် လုပ်ငန်းစဉ်များ ကမကထပြုရေးအဖွဲ့

အပစ်အခတ်ရပ်စဲရေးအလွန်လုပ်ငန်းစဉ်များ ကမကထပြုရေးအဖွဲ့ (Beyond Ceasefires Initiative) ဆိုသည်မှာ မြန်မာနိုင်ငံငြိမ်းချမ်းရေး ဖြစ်စဉ်ကို ကူညီထောက်ပံ့ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှခေါင်းဆောင်များ ပူးပေါင်း ဆောင်ရွက်သော ပထမဦးဆုံး လုပ်ငန်းအစီအစဉ်ဖြစ်ပါသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အဓိကပါဝင်ဆောင် ရွက်လျက်ရှိသည့် ပုဂ္ဂိုလ်များအနေနှင့် ကမ္ဘာအရပ်ရပ်ရှိအတွေ့အကြုံ များမှ မြန်မာနိုင်ငံနှင့် ဆီလျော်ကိုက်ညီမှုရှိသည့် အတွေ့အကြုံများကို ကဏ္ဍအသီးသီးတွင် လေ့လာလိုသည့်ဆန္ဒဖြင့် ဤလုပ်ငန်းအစီအစဉ် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ အဓိကပါဝင်သည့် ပုဂ္ဂိုလ်များက ၎င်းတို့အနေနှင့် ယင်းသို့သော သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီရရှိနိုင်ရန်၊ လွယ်လင့်တကူရရှိနိုင်ရန်လိုသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ ကရင်အမျိုးသားအစည်းအရုံး အထွေထွေ အတွင်းရေးမှူး၊ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ ဒုတိယခေါင်းဆောင်ပဒိုစောကွယ်ထူးဝင်းက ဇွန် ၂၀၁၄ တွင်ကျင်းပသည့် ပထမဆုံး ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေး နှီးနှောပွဲ (Peace Symposium) တွင် အဖွင့်စကား ပြောကြားရာ၌ "ဤအစီအစဉ်မှာ မိမိတို့အကြား အပြန်အလှန် ယုံကြည်မှု တည်ဆောက် နိုင်ရန်နှင့် ပိုမို နားလည်မှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း" ထည့်သွင်း ပြောကြားခဲ့ပါသည်။ ဤမျှော်မှန်းချက်များကို ရရှိအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတကာမှ အတွေ့အကြုံပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ရန် စီစဉ်ထားပါသည်။ ယင်းပညာရှင်များအနေနှင့် မြန်မာနိုင်ငံနှင့် အလားတူ စိန်ခေါ်မှုများ ကြုံတွေ့ရသည့် အခြေအနေများတွင်



ဓာတ်ပုံ နေအောင်ခိုင်(MPC)



ကမ္ဘာ့နိုင်ငံအသီးသီးအနေနှင့် မည်သို့မည်ပုံ ဆောင်ရွက်ကြသည်ကို မိမိတို့၏ လက်တွေ့နယ်ပယ်မှ အတွေ့အကြုံများအပေါ် အခြေခံ၍ မျှဝေ သွားရန် စီစဉ်ထားပါသည်။ အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဦးဆောင်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ကလည်း အခြား နိုင်ငံတကာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် လက်တွေ့ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်လေ့လာခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် အတွက် များစွာ အထောက်အကူ ပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပါသည်။

Beyond Ceasefires Initiative ၏ ဒါရိုက်တာ Sofia Busch ဆိုဖီယာဘတ်စ်ချ်က ယခု အစီအစဉ်မှာ တဖြည်းဖြည်း တိုးမြှင့် ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ဤအစီအစဉ်တွင် နှစ်ဖက်အဖွဲ့အစည်းများအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာအတွေ့ အကြုံများကို မည်သည့်ကဏ္ဍများတွင် အထူးလေ့လာလိုသည်ဆိုသည့် အခါတွင်မှ၊ နှစ်ဖက်ဆွေးနွေး ဖက်များ က သဘောတူညီပြီဆိုသည့်အခါမှ ယင်းသို့ ဆွေးနွေးမှုများကို စီစဉ်ပေး ရန် ရည်ရွယ်ထား ပါကြောင်း ပြောကြားပါသည်။ "ဒီအစီအစဉ်က လိုအပ်မှု demand အပေါ် အခြေခံပြီး ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ ဘက်အသီးသီးက ပါဝင်ကြတဲ့ ခေါင်းဆောင်များရဲ့ တောင်းဆိုမှု











ဓာတ်ပုံ နေအောင်ခိုင်(MPC)





အပေါ် မူတည်ပြီး အခြေအနေနဲ့ လျော်ညီစွာ ဆောင်ရွက် သွားဖို့ ရည်ရွယ်ပါတယ်"ဟု ယင်းက အလေးအနက် ပြောကြားပါသည်။

ဤလုပ်ငန်းအစီအစဉ်များကိုစီမံရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ် တွင် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက အဆိုပြုလာသည့်ကဏ္ဍများကို တိုက်ရိုက် ဆောင်ရွက်ပေးနိုင်ရန် စီမံခန့်ခွဲသွားမည် ဖြစ်ပါသည်။ ဤလုပ်ငန်းအစီအစဉ်ကို မတ် ၂၀၁၄ တွင် ဖွဲ့စည်းခဲ့သည့်(ယာယီ) ပူးပေါင်းဦးဆောင်အဖွဲ့က စီမံအုပ်ချုပ် ပါသည်။ ၂၀၁၃ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် မြစ်ကြီးနားမြို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအပြီးတွင် ဦးဆောင် အဖွဲ့အနေနှင့် တွေ့ဆုံခဲ့ ကြပြီး ၂၀၁၄ ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရန်ကုန်နှင့် ချင်းမိုင်တွင် ထပ်မံ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

**ပူးပေါင်းဦးဆောင်အဖွဲ့ အဖွဲ့ဝင်များ** - ဦးလှမောင်ရွှေ (အကြီးတန်း အကြံပေး၊မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေး လုပ်ငန်း ဗဟိုဌာန)၊ **စဝ်ခွန်ဆိုင်း** (အုပ်ချုပ်မှုဒါရိုက်တာ၊ ပြည်ထောင်စုအင်စတီကျူ/ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSSအကြံပေး)၊ **ပဒိုစောကွယ်ထူးဝင်း** (အထွေထွေ အတွင်းရေးမှူး၊ ကရင်အမျိုးသားအစည်းအရုံး/ဒုတိယ ခေါင်းဆောင် NCCT)၊ **နိုင်ဟံသာ** (ဒုဥက္ကဋ္ဌ၊မွန်ပြည်သစ်ပါတီ/ အထွေထွေအတွင်းရေးမှူး UNFC/ဒုဥက္ကဋ္ဌ NCCT)၊ **ဒေါက်တာရွှေခါး** (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ချင်းအမျိုးသား တပ်ဦး)၊ **ဦးတင်မောင်သန်း** (အကြီးတန်းအကြံပေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန)

ဤပူးပေါင်းဦးဆောင်အဖွဲ့အနေနှင့် လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်မှုများ ချမှတ်ပေးပါသည်- မည်သို့သောကဏ္ဍများတွင် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံများကို လေ့လာလိုသည်၊ တောင်းဆိုလိုသည်စသည့်ကိစ္စများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာဆွေးနွေးပွဲ ဆင်ပိုဇီယမ် များ ကျင်းပရန် အချိန်သတ်မှတ်ပေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များ၊ ဆွေးနွေးပွဲများကို အကောင်းဆုံး အထောက်အကူပေးနိုင်မည့်

ဓာတ်ပုံ နေအောင်ခိုင်(MPC)

အခြား လုပ်ငန်းစဉ်များကို လမ်းညွှန်ပေးခြင်းတို့ ဖြစ်ပါသည်။ ထို့ပြင် ပူးပေါင်းဦးဆောင်အဖွဲ့ဝင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုချက်များ၊ စီမံချက်ဆိုင်ရာ စာရွက်စာတမ်းများကို လေ့လာကြည့်ရှုပြီး သုံးသပ်တုံ့ပြန်ချက်များပေးခြင်း၊ ဆီလျော်သော ပညာရှင်များကို မြန်မာနိုင်ငံသို့ ဖိတ်ကြားရန် အကြံပေးခြင်းဖြင့် ဤကမကထပြုရေးအဖွဲ့ကို လမ်းညွှန်ကြီးကြပ်ကြပါသည်။ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အခြားသက်ဆိုင်ရာ အကျိုးရှင်များထံမှလည်း အကြံဉာဏ်များ ရယူ ဆောင်ရွက်လျက်ရှိသလို နိုင်ငံတကာ အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များထံမှ အကူအညီနှင့် မိတ်ဖက် ဆောင်ရွက်မှုများကိုလည်း ကြိုဆိုလျက်ရှိပါသည်။

**ဆောင်ရွက်သည့် နည်းလမ်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

လာမည့် ၁၈ လ အတွင်း အပစ်အခတ်ရပ်စဲရေးအလွန် လုပ်ငန်းစဉ်များ ကမကထပြုရေးအဖွဲ့အနေနှင့် နိုင်ငံတကာမှ

ပညာရှင်များအား ဖိတ်ကြားပြီး ငြိမ်းချမ်းရေးဆွေးနွေးနေကြသည့် ဆွေးနွေးဖက်များနှင့် တွေ့ဆုံ၊ အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်သွားနိုင်ရန် ရည်ရွယ်ထားပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဆွေးနွေးတင်ပြမှု(presentations)၊ ဝိုင်းဖွဲ့ဆွေးနွေးမှု(panel discuss- ions)နှင့် အများပြည်သူ တက်ရောက်နိုင်သည့် ဆင်ပိုဇီယမ် ဆွေးနွေးပွဲများ (sympo-sium) အပါအဝင် သက်ဆိုင်ရာ အကျိုးရှင် အသီးသီးနှင့် သီးသန့်တွေ့ဆုံဆွေးနွေးမှုများကို အဖွဲ့အလိုက်နှင့် တဦးချင်းစီ တွေ့ဆုံမှုများဟူသည့် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်သွားရန် စီမံထားပါသည်။

ဆင်ပိုဇီယမ်ဆွေးနွေးပွဲများမှာ (ပဋိပက္ခတွင် ပါဝင်သည့်ဘက်အသီးသီးမှ) အကြီးတန်း၊ အဆင့်မြင့် ဆွေးနွေးဘက်ပုဂ္ဂိုလ်များနှင့် အခြားမူဝါဒချမှတ်သူများအတွက်သာမကဘဲ ဗမာနှင့်လူနည်းစုတိုင်းရင်းသားများအပါအဝင် ပြည်သူလူထုထံသို့ ကျယ်ပြန့်စွာရောက်ရှိသွားနိုင်စေရန် ရည်ရွယ်ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း က "ဒီအပစ်အခတ်ရပ်စဲရေးအလွန်လုပ်ငန်းစဉ်များ ကမကထပြုရေး အဖွဲ့"ရဲ့ ထူးခြားချက်ကတော့ နိုင်ငံတကာပညာရှင်များအနေနဲ့ လာရောက်တွေ့ဆုံကြတဲ့အခါမှာ တဖက်ထဲကို လာရောက် တွေ့ဆုံတာမျိုးမဟုတ်ဘဲ၊ အားလုံးက တွေ့ဆုံနိုင်တဲ့အနေမျိုးဖြစ်အောင် စီမံထားခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ အတူတကွ လေ့လာသင်ယူနိုင်မယ်၊ အလုပ်ဖြစ်အောင် ဘယ်လိုအကောင်းဆုံးလုပ်ကြမလဲ ဆိုတဲ့အပေါ် ဘုံတူညီတဲ့ စိတ်ကူး အကြံဉာဏ်တွေ ပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်"ဟု ဆိုပါသည်။

ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များတွင် သမိုင်းနှင့် အမျိုးသားရေးလက္ခဏာ၊ သဘာဝသယံဇာတရင်းမြစ်များ စီမံခန့်ခွဲမှု၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ဗဟို ချုပ်ကိုင်မှု လျှော့ချရေးဆိုင်ရာ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားရန် ရည်ရွယ်ထားပါသည်။ ခေါင်းစဉ်တခုစီအတွက် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင် လေးဦးမှ ခုနစ်ဦးအထိ ဖိတ်ကြားရန်ဖြစ်ပြီး ယင်းပညာရှင်များ၊ အတွေ့အကြုံရှိ ငြိမ်းချမ်းရေးကျွမ်းကျင်သူများက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်မှ ပုဂ္ဂိုလ်များက အဆိုပြုသည့် မေးခွန်းများ၊ ခေါင်းစဉ်များကို ဆွေးနွေးတင်ပြသွားရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ဆီလျော်သည့် နိုင်ငံတကာ ငြိမ်းချမ်းရေးအတွေ့အကြုံများကို ဆွေးနွေးခြင်းဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်စေနိုင်ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေး ဆွေးနွေးမှုတွင် ပါဝင်ကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့များအနေနှင့် ဖြစ်တန်ရာသည့် နည်းလမ်းများကို စဉ်းစားနိုင်မည်ဖြစ်သလို၊ မြန်မာ့ရေမြေနှင့် အဆင်ပြေဆီလျော်သည့်အဖြေများ ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ကမကထပြုရေးအဖွဲ့သည် ငြိမ်းချမ်းရေး ဆွေးနွေးဖက်များ တဦးနှင့်တဦး တွေ့ဆုံနိုင်မည့် နေရာတနေရာ အနေနှင့် ပေါ်ထွက်လာမည်ဖြစ်ပြီး (စားပွဲဝိုင်းညှိနှိုင်းမှုမျိုး မဟုတ်သည့်) လေ့လာမှုများကို အချင်းချင်းဆွေးနွေးဖလှယ်ကာ အတွေ့အကြုံများမျှဝေရာ နေရာတနေရာအဖြစ် ပေါ်ထွက်လာမည်ဖြစ်ပါသည်။

အသေးစိတ် ထပ်မံ သိရှိလိုပါက beyondceasefires@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



**BEYOND CEASEFIRES INITIATIVE**

**ပူးပေါင်းဦးဆောင်အဖွဲ့ အဖွဲ့ဝင်များ**

ဦးလှမောင်ရွှေ (အကြီးတန်းအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)

စဝ်ခွန်ဆိုင်း (အုပ်ချုပ်မှုဒါရိုက်တာ၊ ပြည်ထောင်စု အင်စတီကျူ/ ရှမ်းပြည်

ပြန်လည်ထူထောင်ရေးကောင်စီ (RCSSအကြံပေး)ပဒိုစောကွယ်ထူးဝင်း ကရင်အမျိုးသားအစည်းအရုံး အထွေထွေ အတွင်းရေးမှူး နှင့် NCCT ဒုတိယခေါင်းဆောင်

နိုင်ငံသာ ဒုဥက္ကဋ္ဌ၊ မွန်ပြည်သစ်ပါတီ၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC) အထွေထွေအတွင်းရေးမှူး နှင့် NCCT ဒုတိယ ဥက္ကဋ္ဌ

ဒေါက်တာရွှေခါး၊ တွဲဖက် အထွေထွေအတွင်းရေးမှူး၊ ချင်းအမျိုးသားတပ်ဦး

ဦးတင်မောင်သန်း(အကြီးတန်းအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)

ဒါရိုက်တာ
ဆိုဖီယာဘတ်စရ်

ဤ အစီရင်ခံစာကို ရန်ကုန်မြို့တွင် ဇွန်လ ၈ ရက်နေ့၊ ၂၀၁၄ ခုနှစ်က The Beyond Ceasefires Initiative ၏ ပထမဆုံး အကြိမ်ပြုလုပ်ခဲ့သော ဆွေးနွေးမှုအပေါ်တွင် အခြေခံ၍ ထုတ်ဝေဖြန့်ချိခြင်းဖြစ်ပါသည်။

ပါဝင်ဆွေးနွေးကြသည့် နိုင်ငံတကာပညာရှင်များ
မစ္စတာ ယန်းအားနော့
မစ္စဆာရာကလိဖ်
ဗိုလ်ချုပ်(ငြိမ်း) ရှီဗာရမ် ပရာဒဟန်
မစ္စတာ အီယန်မာတင်

အဖွင့်အမှာစကား
ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ သမ္မတရုံးဝန်ကြီးဌာန(၄)

ပဒိုစောကွယ်ထူးဝင်း ကရင်အမျိုးသားအစည်းအရုံး အထွေထွေ အတွင်းရေးမှူး

အစီအစဉ် ကြီးကြပ်ဦးဆောင်သူ
ဒေါက်တာသန့်မြင့်ဦး စာရေးဆရာနှင့် သမိုင်းပညာရှင်

ပါဝင်ဆွေးနွေးသူများ
ဒေါ်ဂျာနန်လထော်၊ဒါရိုက်တာ၊ ငြိမ်း(ရှလုံ)ဖောင်ဒေးရှင်း)
NCCT အဖွဲ့ဝင်

ဒေါက်တာရွှေခါး၊ တွဲဖက် အထွေထွေအတွင်းရေးမှူး၊ ချင်းအမျိုးသားတပ်ဦး

ဦးအောင်နိုင်ဦး၊
တွဲဖက်ဒါရိုက်တာ၊ Political Dialogue (MPC)

ပါဝင်ရေးသားကြသူများ
အက်ဒရီယန် မောရစ်
ဟယ်ရီမာတင်
ဂျို့စ်ဖိုင် ရောစ့်
ဆိုဖီယာဘက်စရ်

ဘာသာပြန်
ထက်မင်းလွင်

ဒီဇိုင်း
ဆိုတာကာဟရှိ
ဆက်သွယ်ရန်
beyondceasefires@gmail.com



ဓာတ်ပုံ [illegible](MPC)







BEYOND
CEASEFIRES
INITIATIVE